ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ စနေနေ့။ Saturday, 13 February 2021 ၁၀၂၈၇

# (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဖတ်ကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၂

၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံမှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များပြုစုပျိုးထောင်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ တိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ ယနေ့ ဖတ်စရာ

**ထိုင်းနိုင်ငံအတွင်းရှိပြည်နယ် ၁၀ ခုမှ ဒေသခံများအား တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေးမည်**

စာမျက်နှာ » ၁၃

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတု**

စာမျက်နှာ » ၂၀



ကြေးမုံ

# ပြည်သူလူထုကပ်ရောဂါကင်းရေးမြှင့်တင်

ယနေ့အချိန်အခါတွင် အထူးသတိထားရမည့်ကိစ္စမှာ ကူးစက်မြန် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနှုန်း ပြန်လည်မြင့်တက်မလာရေး ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နှုန်း တစ်နေ့လျှင် တစ်ရာခိုင်နှုန်းဝန်းကျင်သာရှိရာမှ ထိုနှုန်း တက်မလာရေးကို အထူးသတိပြုကြရမည် ဖြစ်သည်။ ယခုအခါတွင် အကြောင်းမျိုးစုံဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းကမ်းများ ဘက်တွင် လိုက်နာမှုအားနည်းလာသည်ကို မြင်တွေ့နေရသည်။

ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်ကောင်းသော ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးကြီး ဖြစ်ပွားနေသောကာလအတွင်း၌ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ပထမလှိုင်း၊ ဒုတိယလှိုင်းတို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်။ ပြည်သူများ ကျန်းမာရေးဆိုင်ရာစည်းကမ်းများကို အလေးထားလိုက်နာမှုကြောင့် ရောဂါဖြစ်ပွားမှုများ လျော့ပါးသက်သာလာခဲ့ပြီးမှ ယခုအခါ ဥပဒေ၊ စည်းကမ်းလိုက်နာရေးဘက်တွင် အားနည်းမှုကြောင့် ရောဂါဖြစ်ပွားနှုန်း တက်မလာရေးကို သတိပြုကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ယနေ့အချိန်အခါတွင် စိန်ခေါ်မှုများ၊ အခက်အခဲများ များစွာကြုံတွေ့နေရသော်လည်း တိုင်းရင်းသားပြည်သူများ ကျန်းမာရေး၊ ကပ်ရောဂါကင်းဝေးရေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့က အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေသည်။ ယခုအခါ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းအားလုံးနီးပါးနှင့် စေတနာ့ဝန်ထမ်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးနှင့် အထက်ဝန်ထမ်းများအား ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်သည့် မြို့နယ်များတွင်နေထိုင်သော အသက် ၆၅ နှစ်အထက် မိဘပြည်သူများအား ကာကွယ်ဆေး စတင်ထိုးနှံပေးနေသည်။

ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးရန်အတွက် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေးကို ဆက်လက်ဆောင်ရွက်နေသည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ဒုတိယအသုတ် ကာကွယ်ဆေးနှစ်သန်း အိန္ဒိယနိုင်ငံမှ ရောက်ရှိလာပြီး ရဟန်းရှင်လူပြည်သူများ ကာကွယ်ဆေးဆက်လက်ထိုးနှံနိုင်ရေးအတွက် အက်ဖ်ဒီအေအသိအမှတ်ပြု ထိရောက်မှုနှင့် အာမခံချက်ရှိသော ကာကွယ်ဆေးအမျိုးအစားသစ်များကို ခွင့်ပြုပေးခြင်းနှင့် ပုဂ္ဂလိကထိုးနှံလိုသူများနှင့် တင်သွင်းခြင်းအစီအစဉ်သစ်များကို ခွင့်ပြုပေးမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ကမ္ဘာ့နိုင်ငံများတွင် လက်တွေ့အသုံးပြုနေသော ရုရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ထုတ်လုပ်သည့် ကာကွယ်ဆေးများကို တင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး နိုင်ငံတော်၏ ကာကွယ်ဆေးထိုးအစီအစဉ်ကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်စဉ် ပိုမိုထိရောက်မြန်ဆန်မှုရှိစေရေးအတွက် ပုဂ္ဂလိကကာကွယ်ဆေးထိုးအစီအစဉ်ကိုလည်း ပါဝင်စေခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုးအစီအစဉ်မှာ တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ရသောအစီအစဉ်ဖြစ်၍ နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ဆောင်ရွက်နေလျှင် အချိန်ကာလအတိုင်းအတာကြာရှည်မည် ဖြစ်သည်။ ပုဂ္ဂလိကအစီအစဉ်ကို ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြန်ဆန်လာမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ကာကွယ်ဆေးထိုးအစီအစဉ် အမြန်ဆုံးလွှမ်းခြုံနိုင်ရေးအတွက် စေတနာရှင်မိဘပြည်သူများကလည်း လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်စေနိုင်ရေးအတွက် ပုဂ္ဂလိက ကာကွယ်ဆေးတင်သွင်းခြင်း၊ ဆေးထိုးခြင်းအား ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ခွင့်ပြုပေးခြင်းကို ကြိုဆိုရမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးနှံရေးကို မျှော်မှန်းထားသည့်အချိန်ထက် ဆောလျင်စွာထိုးနှံနိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ပြီး ပြည်သူများကပ်ရောဂါမှ ကင်းဝေးစေမည် ဖြစ်သည်။

ယနေ့အချိန်ကာလသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေဆဲကာလဖြစ်သည်။ ပြည်သူများ ကာကွယ်ဆေးမထိုးနှံရသေးမီ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ နေထိုင်ပြုမူလုပ်ကိုင်ကြရန် လိုအပ်ပါသည်။ လူစုလူဝေးနှင့် စည်းကမ်းလိုက်နာမှုမရှိလျှင် ကိုဗစ်-၁၉ ရောဂါ ပြန်လည်ခေါင်းထောင်လာပြီး ပြန့်ပွားနှုန်းမြင့်မားလာမည်။ ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရန်အတွက် ရောဂါပိုးရှာဖွေစစ်ဆေးရေးသည် အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်ရာ ယင်းကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန် လိုအပ်သည်။ ရောဂါပိုးရှာဖွေခြင်းလုပ်ငန်းကို ထိရောက်စွာမလုပ်နိုင်ပါက ပြည်သူလူထုအတွင်း ရောဂါကူးစက်မှု ပြန်လည်မြင့်မားလာမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထု ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးအတွက် အသိတရားဖြင့် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလ၊ ရောဂါဖြစ်ပွားနှုန်း ကျဆင်းနေစဉ်အချိန်ကာလ၌ နိုင်ငံတော်က ဆောင်ရွက်ပေးနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသိတရားဖြင့် ပြည်သူများအားစေတနာထားပြီး ဆောင်ရွက်ပေးသည့်အစဉ်အလာကောင်းကို ဆက်လက်မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဦးဝေမင်းသူနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မမှိတ်မသုန်ကာကွယ်သွားမယ်

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဟာ တိုင်းရင်းသားပြည်သူလူထုလူတန်းစားအလွှာ ၈ လွှာက ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်နဲ့ နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းပြီးမှ ပေါ်ထွန်းလာခဲ့တဲ့ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုဖော်ဆောင်နေတဲ့ အခြေခံဥပဒေဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ မမှိတ်မသုန်ကာကွယ်သွားပါမယ်။ ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားပါမယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၈-၂-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



(၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

☆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

**ချီတက်နေရာယူ**

နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**ဖတ်ကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



(၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူများကို တွေ့ရစဉ်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၆၁/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမင်းထိန်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နေပြည်တော်ကောင်စီအဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၆၃/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

**နေပြည်တော်ကောင်စီအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကြည်း ၂၁၁၁၁ ဗိုလ်မှူးကြီး မင်းနောင်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နေပြည်တော်ကောင်စီ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကိုအပ်နှင်းလျက် နေပြည်တော်ကောင်စီအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၆၂/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ တပ်မတော် အရာရှိကြီးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကိုအပ်နှင်းလျက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၉၁၉၇<br>ကချင်ပြည်နယ် | ဗိုလ်မှူးကြီး | ကျော်လင်းအောင် |
| (၂) | ကြည်း ၂၂၀၀၀<br>ကယားပြည်နယ် | ဗိုလ်မှူးကြီး | မြင့်ဝေ |
| (၃) | ကြည်း ၂၂၆၁၇<br>ကရင်ပြည်နယ် | ဗိုလ်မှူးကြီး | မျိုးမင်းနောင် |
| (၄) | ကြည်း ၂၅၉၉၅<br>ချင်းပြည်နယ် | ဗိုလ်မှူးကြီး | ဟန်ဝင်းအောင် |
| (၅) | ကြည်း ၂၄၉၉၃<br>စစ်ကိုင်းတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ဝင်းတင်စိုး |
| (၆) | ကြည်း ၂၆၉၃၄<br>တနင်္သာရီတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်ဇေယျ |
| (၇) | ကြည်း ၂၇၂၉၄<br>ပဲခူးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | လှမျိုးရွှေ |
| (၈) | ကြည်း ၂၀၈၂၅<br>မကွေးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | မင်းဦး |
| (၉) | ကြည်း ၂၆၁၀၉<br>မန္တလေးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်ကျော်မင်း |
| (၁၀) | ကြည်း ၂၆၉၃၉<br>မွန်ပြည်နယ် | ဗိုလ်မှူးကြီး | နေထွန်းဦး |
| (၁၁) | ကြည်း ၂၃၁၅၈<br>ရခိုင်ပြည်နယ် | ဗိုလ်မှူးကြီး | မင်းသန်း |
| (၁၂) | ကြည်း ၂၁၈၉၇<br>ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ဝင်းတင့် |
| (၁၃) | ကြည်း ၂၆၇၅၉<br>ရှမ်းပြည်နယ် | ဗိုလ်မှူးကြီး | လှဦး |
| (၁၄) | ကြည်း ၂၅၁၃၀<br>ဧရာဝတီတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်စွာလှိုင် |

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲလှူဒါန်းပွဲတော်ကို ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ (၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့) ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီးကပ်လှူခြင်းနှင့် ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကျင်းပခြင်း၊ နံနက် ၆ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၆၂ ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ နံနက် ၇ နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ရာ မြန်မာ့ရိုးရာထမနဲပွဲတော်သို့ ရဟန်းရှင်လူ ပြည်သူအများ ပါဝင်လှူဒါန်းနိုင်ကြောင်း၊ ထမနဲတစ်ဒယ် လှူချင် ငွေကျပ် ၃၅၀၀၀ နှုန်း သတ်မှတ်ထားပြီး ငွေကျပ် ၅၀၀၀ နှင့်အထက် ပါဝင်ကုသိုလ်ယူ လှူဒါန်းသည့် အလှူရှင်များအား ထမနဲလက်ဆောင်များ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်းနှင့် ဆွမ်းဆန်စိမ်း ပါဝင်လောင်းလှူနိုင်ကြောင်းလည်း သိရသည်။

မြန်မာလူမျိုးတို့၏ ထမနဲထိုးသော ရိုးရာဓလေ့ကို ထိန်းသိမ်းဖော်ဆောင်သောအားဖြင့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မြတ်စွာဘုရားအား ထမနဲ ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဘုရားအမှူးရှိသော သံဃာတော်များအား ထမနဲနှင့် အခြားလှူဖွယ်ပစ္စည်းများဖြင့် ဆွမ်းတော်ကြီးလောင်းလှူခြင်း၊ ဘုရားဖူးအလှူရှင်များအား ထမနဲဝေငှလှူဒါန်းခြင်းများကို နှစ်စဉ်ပြုလုပ်လျက်ရှိကြောင်းလည်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားတို့သည် မိမိတို့၏ လယ်ယာမြေမှထွက်ရှိသော အဦးအဖျားစပါးဆန်များဖြင့် ဗုဒ္ဓမြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်များအား ထမနဲထိုး လှူဒါန်းသော ရိုးရာဓလေ့ရှိကြသည့်အတွက်ကြောင့် တပို့တွဲလရောက်တိုင်း မြန်မာ့ရိုးရာအစားအစာဖြစ်သော ထမနဲကို လှူဒါန်းလိုခြင်း၊ စားသုံးလိုခြင်းနှင့် လက်ဆောင်ပေးလိုခြင်းများ ဖြစ်ပေါ်လေ့ရှိကြကြောင်းလည်း သိရသည်။

လက်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ရွတ်ဆိုပူဇော်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်အထိ ကိုးရက်တိုင်တိုင် ရွတ်ဆိုပူဇော် သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**စိုးမြင့်အောင်**

## ရခိုင်ပြည်နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ ပြန်လည်ဖွင့်လှစ်

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

COVID-19 ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် ရခိုင်ပြည်နယ်အတွင်းရှိ ဘုရားစေတီပုထိုးများကို အများပြည်သူ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်နှင့် စကြာမုနိဘုရား၌ လာရောက်ဖူးမြော်ကြည်ညိုကြသူ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် ရခိုင်၊ သက်၊ ဒိုင်းနက်၊ ခမီ၊ မြို၊ နှင့် မာရမာကြီးတိုင်းရင်းသားများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဇောဓိတထောင်သာသနာ့နယ်မြေရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး ရောင်တော်ဖွင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တောင်) ကျေးရွာအနီး ဇောဓိတထောင်သာသနာ့နယ်မြေရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးအား ရောင်တော်ဖွင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဇောဓိတထောင်ကျောင်းတိုက်တော်မှ ဆရာတော် ဦးကုဏ္ဍလထံမှ သိရသည်။

**ရောင်တော်ဖွင့်လုပ်ငန်းများ လုပ်ဆောင်**

ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးသည် အလျား ၂၂၂ တောင်ရှိပြီး ဇောဓိတထောင်ဆရာတော်ကြီးက ဦးစီးကာ မြန်မာသက္ကရာဇ် ၁၃၅၃ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဦးစီးပဓာနဆရာတော်ကြီးများ၊ မြန်မာပြည်အရပ်ရပ်မှအလှူရှင်များနှင့်ဘုရားဖူးဧည့်သည်များ၏ စုပေါင်းထည့်ဝင်သည့် အလှူတော်ငွေများဖြင့် ရောင်တော်ဖွင့်လုပ်ငန်းများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

"ရောင်တော်ဖွင့်လုပ်ငန်းကို လုပ်ဆောင်နေတာ အခုတစ်လပြည့်တော့မယ်။ လုပ်ငန်းပြီးစီးမှုအနေနဲ့ လုပ်ငန်းအားလုံးရဲ့ ရာခိုင်နှုန်းထက်ဝက်လောက်ပြီးနေပြီ။ ရှေ့လအလယ်လောက်ဆိုရင်တော့ ပြီးစီးမှာဖြစ်ပါတယ်။ ကုန်ကျမှုအနေနဲ့ကတော့ ငွေကျပ်သိန်း ၄၀၀ လောက်ကုန်မယ်လို့ ခန့်မှန်းထားတယ်။ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးရဲ့ အတွင်းပိုင်းကိုလည်း ရောင်တော်ဖွင့်လုပ်ငန်းတွေ တစ်ဆက်တည်း လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် ပါဝင်လိုတဲ့ ကုသိုလ်ရှင်တွေလည်း ပါဝင်နိုင်ပါတယ်" ဟု ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး ရောင်တော်ဖွင့်လုပ်ငန်းများကို ဦးစီးလုပ်ကိုင်လျက်ရှိသော ဆရာတော် ဦးကုဏ္ဍလက မိန့်ကြားသည်။

ဇောဓိတထောင်သာသနာ့နယ်မြေရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး ရောင်တော်ဖွင့်လုပ်ငန်းများကို ဇန်နဝါရီ ၁၉ ရက်မှစတင်လုပ်ဆောင်လျက်ရှိရာ လုပ်ငန်းများထက်ဝက်ခန့်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် လုပ်ငန်းများကို မတ်လအကုန်တွင် အပြီးလုပ်ဆောင်သွားမည်ဖြစ်ရာ ရောင်တော်ဖွင့် လုပ်ငန်းများတွင် ပါဝင်ကုသိုလ်ယူလိုသူများ အနေဖြင့် ဆရာတော် ဦးကုဏ္ဍလ၏ ဖုန်း-၀၉-၂၅၉ ၂၄၄ ၄၅၂ သို့ ဆက်သွယ်ပြီးလည်းကောင်း၊ ရွှေဆေးသက်နှန်း ၁၀ ပေပတ်လည် တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀၀ (တစ်သိန်း) နှုန်းဖြင့် ဇောဓိတထောင်ကျောင်းတိုက်သို့ လူကိုယ်တိုင်ဖြစ်စေသွားရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**





# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဓမ္မသာမိ(အောက်စဖို့စ် ဆရာတော်) အမှူးပြုသော ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဒေါက်တာဓမ္မသာမိ (အောက်စဖို့စ် ဆရာတော်)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓတက္ကသိုလ်ဝင်းအတွင်းရှိ ဗုဒ္ဓစာပေနှင့်ပတ်သက်သည့် စာကြည့်တိုက်အား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ချမ်းသာရပ်ကွက်ရှိ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တတေဇဝန္တအမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး သံဃာတော်များအတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများလျှောက်ထားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် နိုင်ငံတစ်ဝန်းမှ ဘုရားစေတီပုထိုးများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ဖူးမြော်ခွင့်ပြုခဲ့သည်။

ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်း သုံးကြိမ်နှင့် မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေးဆောင်ရွက်ပေးထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# သီပေါရွာသစ်ကျေးရွာနေ အခြေခံပြည်သူများကို အိမ်သုံးပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၁၂**

ကိုဗစ်-၁၉ ကာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရွာသစ်ကျေးရွာမှ အခြေခံလူတန်းစားအိမ်ထောင်စုများအား အလှူရှင်များက အိမ်သုံးပစ္စည်းများနှင့် အလှူငွေများထောက်ပံ့လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းက ကျေးရွာဓမ္မာရုံ၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကောနှင့် ကျေးရွာလူကြီးများ၏ စီမံပေးမှုဖြင့် ပြုလုပ်သည်။

အဆိုပါအစီအစဉ်တွင် ရွာသစ်ကျေးရွာနေ ဒေါ်နန်းခမ်းဖောင်၊ ဦးစိုင်းအောင်ဘနှင့် မောင်နှမတစ်စုက အိမ်ထောင်စုပေါင်း ၇၀ အတွက်ဆန်၊ ဆီ၊ ဆား၊ ဟင်းချိုမှုန့်၊ မုန့်မျိုးစုံ၊ ထွန်းရွှေဝါအိမ်သုံးဆေး၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ နှာခေါင်းစည်းနှင့် ငွေတစ်ထောင်ကျပ်စီတို့ကို လည်းကောင်း၊ သက်ကြီးရွယ်အိုများအား တစ်ဦးလျှင် ငွေကျပ်ငါးထောင်စီကို လည်းကောင်း တစ်ဦးချင်း လှူဒါန်းပေးအပ်ကြကြောင်း သိရသည်။

**သီပေါကိုလတ်**



ခရမ်းလွန်
ရောင်ခြည်
အန္တရာယ်
ကာကွယ်ရေး
အိုဇုန်းလွှာကို
ထိန်းသိမ်းပေး




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

### COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဖဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မဖျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** **ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**
၂၀၂၁ ခုနှစ် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ ပြည်သူ့ရင်ပြင်၌ ပြုလုပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြု**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက စစ်ရေးပြတပ်ခွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၁ ခုနှစ် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ရဲမှုထမ်းများနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း အသွားအလာ ကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး အိမ်ရာများ၊ တပ်နယ်ခန်းမများနှင့် ရဲတပ်ဖွဲ့မှူးရုံးတို့၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ပေးအပ်ကြသည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၂၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဇီးကုန်းရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်၊ ဝါးတစ်ရာကျေးရွာ အမှတ်(၁၀/၁၉)ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၆၀၀၀ တို့အတွက် ဆန်နှင့်ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ အိမ်ထောင်စု ၁၀၀၀ နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သန်းတောကုန်းကျေးရွာရှိ အိမ်ထောင်စု ၃၀၀ တို့အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၁) ရပ်ကွက်ရှိ အိမ်ထောင်စု ၄၇၇ စုအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် အဖွဲ့ဝင်များက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ အခြားအသင်းအဖွဲ့များအပြင် ဒေသခံပြည်သူများလည်း ပူးပေါင်းပါဝင်ကြရန်လိုအပ်

**မုံရွာ ဖေဖော်ဝါရီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုပ်ဆောင်လျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ ဌာနဆိုင်ရာများ၊ အခြားအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအပြင် ဒေသခံပြည်သူများလည်း ပူးပေါင်းပါဝင်မှသာ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးထံမှ သိရသည်။

**အောင်မြင်နိုင်မည်**

တိုင်းဒေသကြီးအတွင်း လုပ်ဆောင်လျက်ရှိသော ရွှေသတ္တုတူးဖော်ခြင်း၊ ကျောက်မီးသွေးတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ မလုပ်ကိုင်မီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အစီအမံများရေးဆွဲလုပ်ကိုင်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်များအတိုင်း လုပ်ကိုင်မှု ရှိ/မရှိ စောင့်ကြည့်မှုအခြေအနေများတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသဖြင့် ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီးရဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လွှမ်းခြုံကြည့်မယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ အထူးသဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းတွေ လုပ်တဲ့နေရာတွေမှာတော့ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ရှိတယ်ဆိုတာ ငြင်းလို့မရဘူး။ ဒါကိုလည်း အမြန်ဆုံး လျှော့ချနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီရဲ့ လမ်းညွှန်ချက်တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့်ကော်မတီရဲ့ အောက်မှာလည်း ခရိုင်အဆင့်ကော်မတီတွေရှိပါတယ်။ ခရိုင်အဆင့်ကော်မတီတွေကနေ အနီးကပ်ကြီးကြပ်ပြီး ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ အခြားသောကဏ္ဍတွေနဲ့ ပတ်သက်ပြီးတော့ သေသေချာချာ ဆာဗေးလုပ်နိုင်တဲ့ အနေအထားတော့မရှိသေးပါဘူး။ အဲဒီအတွက်လည်း သုတေသနလုပ်ဖို့အစီအစဉ်တွေလည်း ရှိပါတယ်။ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းတွေကို ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းအောင် လုပ်ဆောင်နိုင်ဖို့အတွက် ဌာနဆိုင်ရာတွေနဲ့အတူ အဲဒီဒေသတွေမှာရှိတဲ့ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်ကြဖို့လိုပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ပြောသည်။

**ရွှေသတ္တုတူးဖော်မှုများ**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပတ်ဝန်းကျင်ထိခိုက်မှုအများဆုံးဖြစ်ပေါ်နေသော ရွှေသတ္တုတူးဖော်မှုများ အနေဖြင့် ယခုလက်ရှိတွင် စာချုပ်ချုပ်ဆိုလုပ်ကိုင်လျက်ရှိသော လက်လုပ်လက်စား လုပ်ကွက် ၂၈၃ ကွက်နှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်လျက်ရှိသော အသေးစားလုပ်ကွက် ၆၇၂ ကွက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

■



# ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝရန်နှင့် ကျန်းမာကြံ့ခိုင်စေရန် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝစေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် အာဟာရဖြည့်စွက်စာများကို တိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော်သားများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကုတ်တပ်နယ်မှ တပ်မတော်သားများက အာဟာရဖြည့် စားသောက်ဖွယ်ရာများကို သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီမြစ်ကူး ဗလမင်းထင်တံတား အမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၁)က ကချင်ပြည်နယ်အတွင်း တည်ဆောက်သွားမည့် ရောဝတီမြစ်ကူး ဗလမင်းထင်တံတားအမှတ် (၂) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ထံ ရှင်းလင်းတင်ပြခြင်းကို ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မေခခန်းမ၌ ကျင်းပသည်။

ရောဝတီမြစ်ကူးတံတား ဗလမင်းထင်အမှတ် (၂) တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များအား ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တံတားအထူးအဖွဲ့(၁) ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက လက်ရှိ အသုံးပြုလျက်ရှိသည့် တံတားအဟောင်း၏ အောက်ဘက်မီတာ ၄၀ အကွာတွင် တံတားအရှည် ၃၂၁၂ ပေ (၉၇၉ မီတာ)နှင့် အကျယ်ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိ သံကူကွန်ကရစ်ရေလယ်တိုင်နှင့် ကမ်းကပ်ခုံ၊ Steel Truss ၊



Steel Box Girder and RCC Slab အမျိုးအစား တံတား တည်ဆောက်သွားမည့်အခြေအနေ၊ ကနဦးအကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် တံတားသစ်စီမံကိန်းနှင့် မလွတ်သည့်မြေယာကိစ္စအခက်အခဲများကို တံတားပုံစံငယ်၊ ပါဝါပွိုင့်နှင့်တကွ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တံတားသစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအပေါ် ပြည်သူများထိခိုက်နစ်နာမှုမရှိစေရေး မြေယာကိစ္စရပ်များကို အတတ်နိုင်ဆုံးနှင့် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ရေး၊ တံတားသစ်စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချက်အတိုင်း အရည်အသွေးမီ တည်ဆောက်သွားရေး၊ တံတားအဟောင်းကိုလည်း ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တံတားသစ်စီမံကိန်းကို ဘဏ္ဍာနှစ် သုံးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး တံတား၏ ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကာ တံတားသစ်ပြီးစီးပါက တံတားအဟောင်းနှင့် အသွားလမ်း/ အပြန်လမ်း လေးလမ်းသွားအဖြစ် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်းနှင့် လက်ရှိအသုံးပြုနေသော ဗလမင်းထင်တံတားသည် နှစ်ပေါင်း ၂၅ နှစ်ခန့်ရှိနေပြီဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်အချို့၌ တပ်မတော်ထောက်ခံပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၌ အင်အား ၈၀၀၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ အင်အား ၁၀၀၀၀ ခန့်ဖြင့်လည်းကောင်း၊ မလှိုင်မြို့၌ အင်အား ၃၀၀၀ ဖြင့်လည်းကောင်း၊ ပျော်ဘွယ်မြို့၌ အင်အား ၂၀၀၀ ခန့်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့၌ အင်အား ၃၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ကျောက်ကြီးမြို့၌ အင်အား ၂၀၀ ခန့်ဖြင့် လည်းကောင်း၊ သာယာဝတီမြို့၌ အင်အား ၃၀၀၀ ခန့်ဖြင့် လည်းကောင်း၊ မိုးညိုမြို့၌ အင်အား ၅၀၀ ခန့်ဖြင့် လည်းကောင်း၊ ဖြူးမြို့၌ အင်အား ၃၀၀၀ ခန့်ဖြင့် လည်းကောင်း၊ မုန်းမြို့၌ အင်အား ၄၀၀ ခန့်ဖြင့် လည်းကောင်း အသီးသီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုး ပုဆိန်ရိုး အမျိုးသားရေး သစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့်မညီသော ရွေးကောက်ပွဲရလဒ် အလိုမရှိ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့် ပြည်သူ သွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စာသားပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။



အများပြည်သူအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ် ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူက ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




# မကွေးမြို့နယ်၌ နွားစာစင်းစက်အငှားလိုက်သူများ တစ်နေ့ ကျပ် ၃၅၀၀၀ ခန့် ပုံမှန်ဝင်ငွေရ

**မကွေး ဖေဖော်ဝါရီ ၁၂**

မကွေးမြို့နယ်၌ နွားစာစင်းစက် အငှားလိုက်သူများ တစ်နေ့ ကျပ် ၃၅၀၀၀ ပုံမှန်ဝင်ငွေရကြကြောင်း မကွေးမြို့နယ် ညောင်ပင်သာကျေးရွာမှ တောင်သူ ဦးလှိုင်က ပြောသည်။

"လူစာထက် နွားစာကခက်တယ်ဆိုသလို မိုးကျရင် ကျွန်တော်တို့တောင်သူတွေက အချိန်မီကြဲဖို့အတွက် နွားစာ စုဆောင်းနေကြရပြီ။ ယာလုပ်ငန်း မြေပဲ၊ နှမ်းစိုက်ဖို့လုပ်ငန်းခွင်သုံး နွားစာက မရှိမဖြစ်ဘူး။ ပြောင်းရိုးခြောက်တွေကို နွားစာစင်းစက်နဲ့ စင်းရတယ်။ အငှားလိုက်တွေရှိတယ်။ မနက် ၈ နာရီကနေ ညနေ ၅ နာရီအထိ တစ်နေ့စာ စက်ဖိုးအခ ကျပ် ၃၀၀၀၀၊ ၃၅၀၀၀ ပေးရတယ်။ နွားစာစုသူသယ်ယူသူ၊ နွားစာများကို သိုလှောင်ထားတဲ့ နွားတင်းကုပ်ပေါ်သယ်တဲ့သူကသယ် အလုပ်သမား ၁၀ ဦးလောက် စုပေါင်းဝိုင်းဝန်းလုပ်ကြရတယ်။ အလုပ်သမားတွေနဲ့ နွားစာစင်းစက် အငှားလိုက်သူတွေ မနားရဘူး။ အလုပ်ဖြစ်တယ်"ဟု ၎င်းက ပြောသည်။

"တစ်နေ့ကို အလုပ်သမားခက ၁၀ ယောက်ကို ကျပ် ၄၀၀၀၀ ကုန်ကျတယ်။ တစ်ယောက် ကျပ် ၄၀၀၀ ပေးရတယ်။ နွားစာစင်းစက်က အလုပ်သမား သုံးယောက်ပါတယ်။ တစ်နေကုန် နွားစာတင်း ၄၀၀ ကျော်၊ ၅၀၀ လောက်ရတယ်"ဟု နွားစာအစင်းငှားသူ မသီးက ပြောပြသည်။

ကုလားပြောင်းခေါ် ပြောင်းနက်တစ်တင်း ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ဈေးပေးဝယ်ယူကာ ဆောင်းသီးနှံအဖြစ် ကြဲခဲ့ပြီး ပြောင်းရိုးများကို နွားစာအဖြစ် စင်းကျွေးကြရာ ယခုအချိန် နွားစာစင်းစက်ဖြင့် စင်းခြင်းဖြစ်သည်။ နွားစာတစ်တင်း ကျပ် ၁၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

မိုးဦးကျသည်နှင့် ဆီထွက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နွေရာသီနွားစာ အခက်အခဲမရှိစေရန် မကွေးနယ်မှ တောင်သူများ နွားစာများစုဆောင်းနေပြီဖြစ်ရာ နွားစာစင်းစက် အငှားသမားများ၊ အလုပ်သမားများ အလုပ်မအားကြကာ ယာလုပ်ငန်းဝင်ရန် ကြိုတင်ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

**မကွေးဝင်းမောင်**



ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၁-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၃၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၃,၃၅၆) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၅၄၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၀၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၂၉,၂၈၇) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၈၈) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၀၀၃၇၇၂ | ၁၇၉၃၂၁၁၂ | ၄၈၆၉၂၉ |
| ၂။ | အိန္ဒိယ | ၁၀၈၈၀၆၀၃ | ၁၀၅၈၉၂၃၀ | ၁၅၅၄၈၄ |
| ၃။ | ဘရာဇီး | ၉၇၁၆၂၉၈ | ၈၆၄၃၆၉၃ | ၂၃၆၃၉၇ |
| ၄။ | ရုရှား | ၄၀၄၂၈၃၇ | ၃၅၅၉၁၄၂ | ၇၉၁၉၄ |
| ၅။ | ဗြိတိန် | ၃၉၉၈၆၅၅ | ၂၀၅၆၂၆၁ | ၁၁၅၅၂၉ |
| ၆။ | ပြင်သစ် | ၃၄၀၆၆၈၅ | ၂၃၈၇၅ | ၈၀၈၀၃ |
| ၇။ | စပိန် | ၃၀၄၁၄၅၄ | စိစစ်ဆဲ | ၆၄၂၁၇ |
| ၈။ | အီတလီ | ၂၆၈၃၄၀၃ | ၂၁၈၅၆၅၅ | ၉၂၇၂၉ |
| ၉။ | တူရကီ | ၂၅၆၄၄၂၇ | ၂၄၅၃၀၉၆ | ၂၇၁၈၇ |
| ၁၀။ | ဂျာမနီ | ၂၃၂၁၂၁၅ | ၂၁၀၁၀၀၀ | ၆၄၅၁၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၀၁၈၅၉ | ၁၀၀၄၁၁၇ | ၃၂၆၅၆ |
| ၂။ | ဖိလစ်ပိုင် | ၅၄၅၃၀၀ | ၅၀၀၆၅၄ | ၁၁၄၉၅ |
| ၃။ | မလေးရှား | ၂၅၈၃၀၆ | ၂၀၅၇၇၄ | ၉၅၃ |
| ၄။ | မြန်မာ | ၁၄၁၅၄၃ | ၁၂၉၂၈၇ | ၃၁၈၈ |
| ၅။ | စင်ကာပူ | ၅၉၇၇၇ | ၅၉၅၅၈ | ၂၉ |
| ၆။ | ထိုင်း | ၂၄၂၇၉ | ၂၀၂၁၀ | ၈၀ |
| ၇။ | ဗီယက်နမ် | ၂၁၄၂ | ၁၅၂၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၉ | ၄၆၃ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၄ | ၁၇၅ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်၊ ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နှင့် လှည်းကူးမြို့နယ်၊ ရောဂတီတိုင်းဒေသကြီး ပုသိမ်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်စုစုပေါင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်၊ ရောဂတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ရခိုင်ပြည်နယ် အမ်းမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၃၆ ကျောင်းရှိသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းအပြင် ကရင်ပြည်နယ် မြဝတီမြို့နယ် သင်္ကန်းညိုနောင်ကျေးရွာရှိ ဗုဒ္ဓသုခကျောင်းတိုက်မှ သံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သင်္ကန်းညိုနောင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများ၏ သွေးလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် မွန်ပြည်နယ် မုဒုံမြို့နယ် ဗုဒ္ဓကလျာဏယုဝအသင်း(YMBA)မှ သံဃာတော်များအပါအဝင် အသင်းသား အသင်းသူများက အဆိုပါဆေးရုံ၌ ယနေ့မွန်းလွဲပိုင်းတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များအား သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အသင်းဝင် သံဃာတော်များနှင့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၃၅ ဦးတို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ကယ်လ်စီယမ်ပမာဏကို ဖြည့်စွက်ကြပါစို့

**မဇင်မီ (ရုက္ခဗေဒ) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

### နို့နှင့် ကယ်လ်စီယမ်ဓာတ်

နို့သည် ကလေးငယ်များအတွက် မရှိမဖြစ်လိုအပ်သော အစားအစာ ဖြစ်သည်။ နို့တွင် ရေ၊ အဆီ၊ ပရိုတိန်း၊ ဆား၊ သတ္တုဓာတ်၊ ကယ်လ်စီယမ်နှင့် ဖော့စဖိတ်တို့ဖြင့် ဖွဲ့စည်းထားပြီး နို့အမျိုးအစားအလိုက် ပါဝင်မှုပမာဏ ကွာခြားပါသည်။ ထိုသို့ သက်စောင့်ဓာတ်များစွာပါဝင်သောနို့သည် လူတို့ ကျန်းမာကြံ့ခိုင်ရေးကို ကူညီထောက်ပံ့ပေးနိုင်သော အစားအစာဖြစ်ပါသည်။ လူ့ခန္ဓာကိုယ်ရှိ အရိုးနှင့် သွား သန်မာဖို့ ကယ်လ်စီယမ်ဓာတ် လိုအပ်ပါသည်။ ထို့ကြောင့် နို့သောက်ရမည်ဆိုသည်ကို ငယ်စဉ်ကတည်းက သိခဲ့၊ မှတ်ခဲ့ကြရပါသည်။ ယင်းကို ကြည့်ခြင်းအားဖြင့် နို့တွင် ကယ်လ်စီယမ်ဓာတ် ပေါများကြွယ်ဝစွာပါဝင်သည်ကို သိနိုင်မည် ဖြစ်ပါသည်။

ကယ်လ်စီယမ်သည် လူ့ခန္ဓာကိုယ်တွင်ရှိသည့် အရေးကြီးဇီဝရုပ်ဖြစ်စဉ်များအတွက် လိုအပ်သောသတ္တုဓာတ်တစ်မျိုးလည်း ဖြစ်ပါသည်။ အရိုးနှင့် သွားများကို ခိုင်မာစေခြင်း၊ သွေးခဲမှုဖြစ်စဉ်၊ အာရုံကြောစနစ် ကောင်းမွန်မှုနှင့် နှလုံးကျန်းမာရေးကိုလည်း အထောက်အကူပေးသလို ရောဂါတော်တော်များများကိုလည်း ခုခံနိုင်စွမ်းရှိသည်ဟု သုတေသီများက ဆိုပါသည်။ ကယ်လ်စီယမ်သည် လူ့ခန္ဓာကိုယ်ရှိ ကင်ဆာဖြစ်စေမည့် ဓာတ်ကြွင်းများ၊ အရိုးပွခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ကျောက်ကပ် ကျောက်တည်ခြင်း၊ အမျိုးသမီးများ ရာသီမလာခင် ခံစားရမှုများနှင့် ကလေးသူငယ်များ အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်ပြီး မလိုလားအပ်သော အဆီများကို ဖယ်ရှားပေးနိုင်သကဲ့သို့ ခန္ဓာကိုယ်တွင်း pH အနည်း၊ အများကိုလည်း ထိန်းညှိပေးပါသည်။

လူ့ခန္ဓာကိုယ်အတွင်းရှိ ကယ်လ်စီယမ် စုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းကို အရိုး (bone) နှင့် သွား (tooth) ထဲတွင် သိုလှောင်ထားပြီး ကျန်သော တစ်ရာခိုင်နှုန်းကို သွေး (blood) နှင့် တစ်သျှူး (tissue) များထဲတွင် သိုလှောင်ထားပါသည်။ ခန္ဓာကိုယ်သည် ကယ်လ်စီယမ်ဓာတ်ကို နည်းလမ်းနှစ်မျိုးဖြင့် ရယူနိုင်ပါသည်။ ၎င်းတို့မှာ ကယ်လ်စီယမ်ဓာတ်ပါဝင်သော အစားအစာ စားသုံးခြင်းနှင့် ကယ်လ်စီယမ်ပါဝင်သော ဖြည့်စွက်ဆေးဝါးများ သုံးစွဲခြင်းတို့ ဖြစ်ပါသည်။ ကယ်လ်စီယမ်ဓာတ်ရရှိနိုင်သော အကောင်းဆုံး အရင်းအမြစ်များမှာ နို့နှင့် နို့ထွက်ပစ္စည်း၊ အခြားအစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်များနှင့် အခြောက်ခံထားသော ပဲစေ့များပင် ဖြစ်ပါသည်။

**ကယ်လ်စီယမ်သည် လူ့ခန္ဓာကိုယ်ရှိ ကင်ဆာဖြစ်စေမည့်ဓာတ်ကြွင်းများ၊ အရိုးပွခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ကျောက်ကပ် ကျောက်တည်ခြင်း၊ အမျိုးသမီးများ ရာသီမလာခင်ခံစားရမှုများနှင့် ကလေးသူငယ်များ အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်ပြီး မလိုလားအပ်သောအဆီများကို ဖယ်ရှားပေးနိုင်သကဲ့သို့ ခန္ဓာကိုယ်တွင်း pH အနည်း၊ အများကိုလည်း ထိန်းညှိပေး။**

### အရိုးပွရောဂါ ဖြစ်ပွားလာနိုင်

ကယ်လ်စီယမ်ဓာတ် ပါဝင်သော အစားအစာများ စားသုံးမှုလျော့နည်းမည်ဆိုပါလျှင် ခန္ဓာကိုယ်တွင် ကယ်လ်စီယမ်ဓာတ်ပမာဏ လျော့နည်းလာပါလိမ့်မည်။ ထိုအခါ ခန္ဓာကိုယ်သည် လိုအပ်သောကယ်လ်စီယမ်ဓာတ်ကို ရယူရန်အတွက် အရိုးတွင် သိုလှောင်ထားသော ကယ်လ်စီယမ်ကို ထုတ်ယူသုံးစွဲလာပါသည်။ ထို့ကြောင့် အရိုးတွင် ကယ်လ်စီယမ်ဓာတ် လျော့နည်းလာပြီး အရိုးပါးခြင်း၊ ကြွပ်ဆတ်ခြင်း စသည်ဖြင့် အရိုးပွရောဂါ ဖြစ်ပွားလာနိုင်ပါသည်။ ထိုကဲ့သို့ အရိုးမှ ကယ်လ်စီယမ်ရယူသုံးစွဲခြင်းကို လျှော့ချရန်အတွက် ပြင်ပမှနေ၍ ကယ်လ်စီယမ်ဓာတ် ဖြည့်စွက်ပေးနိုင်ရန် လိုအပ်ပါသည်။ လူတစ်ဦးချင်းစီအတွက် ကယ်လ်စီယမ် လိုအပ်မှုပမာဏသည် အသက်အရွယ်အလိုက် ကွာခြားမှုရှိသလို နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ကွာခြားမှုရှိကြောင်း သုတေသီများက ဆိုပါသည်။ အသက်အရွယ်အလိုက် ကယ်လ်စီယမ်လိုအပ်သောပမာဏကို အောက်ပါအတိုင်းဖော်ပြထားပါသည်-

### ခိုင်မာသောအရိုးများကို တည်ဆောက်နိုင်

ဖော်ပြပါအကြောင်းအရာများကို ကြည့်ခြင်းအားဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ကယ်လ်စီယမ်ပမာဏကို ကောင်းမွန်ပြည့်စုံစွာ ရရှိနိုင်မည် ဖြစ်ပါသည်။ သုတေသနလေ့လာချက်များအရ နေ့စဉ် နွားနို့တစ်ခွက် သောက်သုံးသော ကလေးများသည် နွားနို့မသောက်သော ကလေးငယ်များထက် ဉာဏ်ရည် ပိုမိုမြင့်မားကြောင်း သိရှိရပါသည်။ နွားနို့ကို နေ့စဉ်သောက်သုံးခြင်းဖြင့် လူတို့၏ အစာအာဟာရ တန်ဖိုးကို မြှင့်တင်ပေးနိုင်ပြီး ခန္ဓာကိုယ်ကိုလည်း သန်စွမ်းကြံ့ခိုင်စေမည် ဖြစ်ပါသည်။

ထို့အပြင် ကလေးငယ်များ အာဟာရချို့တဲ့မှုကိုလည်း ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။ နို့ထဲတွင်ပါဝင်သော ကယ်လ်စီယမ်နှင့် နေရောင်ခြည်မှရရှိသော ဗီတာမင်ဒီတို့ပေါင်းစပ်ပြီး ကျွန်ုပ်တို့အတွက် ခိုင်မာသောအရိုးများကို တည်ဆောက်နိုင်မည်ဖြစ်သည်။ နွားနို့သောက်သုံးခြင်း

| အသက်အပိုင်းအခြား (အမျိုးသား၊ အမျိုးသမီး) | တစ်နေ့တာအတွက် လိုအပ်သော ကယ်လ်စီယမ်ပမာဏ (မီလီဂရမ်) |
|---|---|
| မွေးကင်းစမှ ၆လ | ၂၀၀ |
| ၆ လ မှ ၁ နှစ် | ၂၆၀ |
| ၁ နှစ် မှ ၃ နှစ် | ၇၀၀ |
| ၄ နှစ် မှ ၈ နှစ် | ၁၀၀၀ |
| ၉ နှစ် မှ ၁၈နှစ် | ၁၃၀၀ |
| ၁၉ နှစ် မှ ၅၀ နှစ် (အမျိုးသမီး) | ၁၀၀၀ |
| ၁၉ နှစ်မှ ၇၀ နှစ် (အမျိုးသား) | ၁၀၀၀ |
| ၅၀ နှစ်ကျော် နောက်ပိုင်း (အမျိုးသမီး) | ၁၂၀၀ |
| ၇၀ နှစ်ကျော် နောက်ပိုင်း (အမျိုးသား) | ၁၂၀၀ |

**Ref: Food and Nutrition Board, Institute of Medicine, National Academy of Science, 2020**

အသက်အရွယ်မရွေး၊ အမျိုးသား၊ အမျိုးသမီးမရွေး ကယ်လ်စီယမ်ဓာတ် ရရှိရန် နို့နှင့် နို့ထွက်ပစ္စည်းများသည် အဓိကအစားအစာဖြစ်ပါသည်။ နို့နှင့် နို့ထွက်ပစ္စည်းအချို့တွင်ပါဝင်သော ကယ်လ်စီယမ်ပမာဏကို The UK Department of Health recommended Reference Nutrient Intake (RNI) က အောက်ပါအတိုင်းဖော်ပြထားပါသည်-

ကြောင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည် အမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကယ်လ်စီယမ်ဓာတ်ကြွယ်ဝသောနွားနို့ကို နေ့စဉ်သောက်သုံးခြင်းဖြင့် ကျန်းမာပျော်ရွှင်သော ဘဝကို ရယူနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

| နို့ နှင့် နို့ထွက်ပစ္စည်း | စားသုံးသည့်ပမာဏ | ကယ်လ်စီယမ် ပါဝင်မှု(မီလီဂရမ်) |
|---|---|---|
| နို့ | တစ်ခွက် (၂၅၀ မီလီ လီတာ) | ၂၉၁ မှ ၃၂၄ |
| နို့ထောပတ် | တစ်ခွက် (၂၅၀ မီလီ လီတာ) | ၃၀၀ မှ ၃၇၀ |
| ချိစ် | ၅၀ ဂရမ် | ၂၇၆ |
| ဒိန်ချဉ် | တစ်ခွက် (၁၇၅ မီလီ လီတာ) | ၂၉၀ |
| ရေခဲမုန့် | တစ်ခွက် (၁၂၅ မီလီ လီတာ) | ၉၇ |

# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း စီးပွားရေး ၉ ဒသမ ၉ ရာခိုင်နှုန်း စံချိန်တင်ကျဆင်း



**လန်ဒန် ဖေဖော်ဝါရီ ၁၂**
ဗြိတိန်အစိုးရသည် ၂၀၂၀ ပြည့်နှစ် ဒုတိယနှစ်ဝက်ကာလအတွင်း နိုင်ငံ၏ စီးပွားရေးတိုးတက်မှု အားကောင်းအောင် စီမံ ဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ၏ ဆိုးကျိုးကြောင့် စီးပွားရေး ၉ ဒသမ ၉ ရာခိုင်နှုန်းခန့် စံချိန်တင် ကျဆင်းခဲ့ကြောင်း ယနေ့ထုတ်ပြန်သည့် တရားဝင်အချက်အလက်များက ပြသထားသည်။

ဗြိတိန်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကြောင့် ယမန်နှစ်က စီးပွားရေးအကြီးအကျယ်ထိခိုက်မှုကို ခံခဲ့ရကြောင်း ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရီရှီဆူနာ့ခ်က ပြောသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့် စီးပွားရေး ပြန်လည်ဦးမော့လာမည်ဟု အင်္ဂလန်ဘဏ်က ခန့်မှန်းခဲ့ပြီးနောက် ရက်သတ္တပတ်တစ်ပတ်အကြာတွင် ဗြိတိန်စီးပွားရေးကျဆင်းမှုနှင့် ပတ်သက်သည့်အချက်အလက်များ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုးသည် ၉ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ဗြိတိန်၌ နှစ်စဉ် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးကျဆင်းမှု အများဆုံးဖြစ်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်းရုံးက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ဗြိတိန်နိုင်ငံ၏ စီးပွားရေး အကြီးအကျယ် ထိခိုက်သွားသည်ကို ယနေ့ထုတ်ပြန်သည့် အချက်အလက်က ပြသထားကြောင်း ဝန်ကြီး ရီရှီဆူနာ့ခ်က ပြောသည်။

ဆောင်းရာသီကာလအတွင်း စီးပွားရေးအားကောင်းလာသည့် လက္ခဏာများရှိခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ လက်ရှိအသွားအလာကန့်သတ်မှုများက စီးပွားရေးလုပ်ငန်းများကို သိသိသာသာထိခိုက်သွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဗြိတိန်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ် ပထမသုံးလပတ်အတွင်း ၄ ဒသမ သုည ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားသော်လည်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလျင်အမြန်ထိုးနှံပေးခြင်းက စီးပွားရေးကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေကြောင်း အင်္ဂလန်ဘဏ်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ဗြိတိန်နိုင်ငံ၏ စီးပွားရေး ကျဆင်းခဲ့သော်လည်း လာမည့် ၂၀၂၂ ခုနှစ် ပထမလေးလပတ်တွင် ကိုဗစ်-၁၉ ရောဂါ မတိုင်မီကာလက အခြေအနေအတိုင်း စီးပွားရေးပြန်လည်ဦးမော့လာမည်ဟု အင်္ဂလန်ဘဏ်က ခန့်မှန်းထားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျော်တီ**

# အစ္စရေးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက် သုည ဒသမ ၈၈ အထိ လျော့ကျလာပြီဖြစ်



**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**
အစ္စရေးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက် (Reproduction number) သည် သုည ဒသမ ၈၈ အထိ လျော့ကျလာပြီဖြစ်ကြောင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတင်းအချက်အလက်နှင့် အသိပညာပေးစင်တာမှ ယနေ့ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံ၏ ရောဂါကူးစက်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက်သည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက်တွင် သုည ဒသမ ၈၇ အထိ လျော့ကျခဲ့ပြီး အဆိုပါအချိန်မှစပြီး ယခုအဆင့်သတ်မှတ်ချက် သုည ဒသမ ၈၈ သည် အနိမ့်ကျဆုံးအဆင့်ဖြစ်လာခဲ့သည်။

Reproduction number ဆိုသည်မှာ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုနှုန်းကို တိုင်းတာသတ်မှတ်ရန် အသုံးပြုသည့် ညွှန်းကိန်းတစ်ခုဖြစ်သည်။ ရောဂါကူးစက်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက်သည် ကိန်းဂဏန်းတစ်ထက်လျော့ကျလာပါက ကပ်ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်သည်။ ရောဂါကူးစက်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက်သည် ကိန်းဂဏန်းတစ်ထက် ကျော်လွန်မည်ဆိုပါက ရောဂါကူးစက်မှုနှုန်းသည် ဆတိုးဖြင့် အချိန်နှင့်အမျှ တိုးပွားလျက်ရှိသည်ကို ပြသကြောင်း သိရသည်။

အစ္စရေးနိုင်ငံ၏ ရောဂါကူးစက်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက်သည် ဒီဇင်ဘာ ၂၇ ရက်တွင် ၁ ဒသမ ၂၆ အဆင့်သို့ ရောက်ရှိခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခရီးသွားလာပိတ်ဆို့မှုများ ချမှတ်ထားခဲ့ရသည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်း ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာလျက်ရှိရာ ဇန်နဝါရီလတွင် သုည ဒသမ ၉ အဆင့်သို့ ကျဆင်းခဲ့သည်။ သို့သော် ဖေဖော်ဝါရီလအစောပိုင်းတွင် အဆင့်တစ်သို့ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၃၁ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၁၆၆၄၃ ဦးရှိခဲ့ပြီး သေဆုံးသူပေါင်း ၅၂၈၆ ဦးရှိကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့မည့်အစီအစဉ်ကို ဖေဖော်ဝါရီ ၂၂ရက်တွင် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် တင်သွင်းမည်

**လန်ဒန် ဖေဖော်ဝါရီ ၁၂**
ဗြိတိန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့မည့်အစီအစဉ်နှင့် ပတ်သက်သည့် အချက်အလက်များကို ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ၁၀ ရက်အတွင်း အောက်လွှတ်တော်သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဗစ်တိုးရီးယားအက်ကင်က စကိုင်းနယူးစ်သတင်းဌာနသို့ ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်ချက်များဖြေလျှော့မည့်အစီအစဉ်နှင့်ပတ်သက်သည့် အစီအမံများကို ဗြိတိန်အောက်လွှတ်တော်တွင် ဘောရစ်ဂျွန်ဆင်က ဖေဖော်ဝါရီ ၂၂ ရက်တွင် တင်သွင်းသွားမည်ဟု သိရသည်။ နိုင်ငံတစ်ဝန်းတွင် မတ် ၈ ရက်မှစတင်ပြီး ကျောင်းများပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားသော်လည်း ထိုသို့ဆောင်ရွက်ရန်မှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းများအပေါ်တွင် မူတည်နေကြောင်း အက်ကင်က ပြောကြားသည်။

လာမည့်သီတင်းပတ်အတွင်း နိုင်ငံအတွင်းရှိဝန်ကြီးများနှင့် ဆေးသိပ္ပံပညာရှင်များအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှု အခြေအနေနှင့် ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ အချက်အလက်များကို စုဆောင်းသွားမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ ဟိုတယ်များ၌ ကိုဗစ်-၁၉ ဆိုင်ရာသီးခြားခွဲခြားစောင့်ကြည့်ရေးအစီအစဉ်များကို ဆောင်ရွက်နေသော်လည်း ခရီးသွားဧည့်သည်များမှာ သက်ဆိုင်ရာဟိုတယ်များ၏ ဝက်ဘ်ဆိုက်များတွင် ကြိုတင်စာရင်းပေးနိုင်ခြင်းမရှိသော အခက်အခဲကို ကြုံတွေ့နေရသည်။

အဆိုပါအခက်အခဲကြောင့် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ပြီး နိုင်ငံပေါင်း ၃၃ နိုင်ငံမှ ဗြိတိန်သို့လာရောက်မည့်သူများအနေဖြင့် အစိုးရက သတ်မှတ်ထားသော ဟိုတယ်များ၌ ၁၀ ရက်ခန့် တည်းခိုနေထိုင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လန်ဒန်အခြေစိုက် Evening Standard သတင်းစာကပြောကြားသည်။ ဂျွန်ဆင်၏ ကိုဗစ်-၁၉ဆိုင်ရာကန့်သတ်ချက်များဖြေလျှော့မည့် အစီအမံများအပေါ် ကွန်ဆာဗေးတစ်ပါတီဝင်များက ဖိအားပေးမှုများရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# Johnson & Johnson ကာကွယ်ဆေး ပထမအသုတ် တောင်အာဖရိကနိုင်ငံသို့ လာမည့်အပတ်တွင် ရောက်ရှိမည်

**ကိတ်တောင်း ဖေဖော်ဝါရီ ၁၂**
Johnson & Johnson ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် တောင်အာဖရိကနိုင်ငံသို့ လာမည့်အပတ်တွင် ရောက်ရှိမည်ဟု သမ္မတ ဆိုင်ရေးလ်ရမ်မာဖိုဆာက အတည်ပြုပြောကြားလိုက်သည်။

တောင်အာဖရိကနိုင်ငံက ပထမအဆင့်ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကို Johnson & Johnson ကာကွယ်ဆေး ထိုးနှံပေးမည်ဟု နိုင်ငံတော်အခြေပြ မိန့်ခွန်းအတွင်း ရမ်မာဖိုဆာက ပြောသည်။ တောင်အာရိကနိုင်ငံက Johnson & Johnson ကာကွယ်ဆေး အလုံးရေ ကိုးသန်းဝယ်ယူခဲ့ပြီး နောက်အပတ်တွင် အလုံးရေ ၈၀၀၀၀ ရောက်ရှိမည်ဖြစ်ကာ နောက်ထပ်အလုံးရေ ၅၀၀၀၀၀ မှာ လေးပတ်အတွင်း ရောက်ရှိမည်ဟု ၎င်းက ဆိုသည်။

တောင်အာဖရိကအစိုးရက COVAX အစီအစဉ်အရ ကာကွယ်ဆေး အလုံးရေ ၁၂ သန်းနှင့် Pfizer ကုမ္ပဏီမှ အလုံးရေ သန်း ၂၀ ဝယ်ယူခဲ့ကာ ကာကွယ်ဆေးများကို ယခုနှစ် ပထမသုံးလအတွင်း ပေးပို့မည်ဟု သိရသည်။ "ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောင်မြင်မှုက လူ့အသိုင်းအဝိုင်းမှ နယ်ပယ်စုံတွေအကြား တက်ကြွတဲ့ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်ပါလိမ့်မယ်" ဟု ၎င်းက ဆိုသည်။

ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အတွက် ပြင်ဆင်ရာတွင် စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားများနှင့် ကျန်းမာရေးနယ်ပယ်၏ ပါဝင်မှုများက အစိုးရအား လှုံ့ဆော်မှုပေးခဲ့ကြောင်း ၎င်းက ပြောသည်။

**ကိုးကား-အေအာဖရိက၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာအသိုက်အဝန်းအတွက် အလွန်အရေးပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ပြောကြား

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၂**

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာအသိုက်အဝန်းအတွက် အလွန်အရေးပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံအကြား မည်သည့်တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်မှုမျိုးကိုမဆို ကြိုဆိုပါကြောင်းနှင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာအသိုက်အဝန်းအတွက် အလွန်ပင်အရေးပါကြောင်းနှင့် အထူးသဖြင့် ကမ္ဘာ့နိုင်ငံများရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့ခြင်းဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေရသည့် ယခုကာလတွင် ပိုမိုအရေးကြီးပါကြောင်း ဂူတာရက်စ်က ဆိုသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ယမန်နေ့က တယ်လီဖုန်းဖြင့် နှစ်နိုင်ငံရေးရာကိစ္စရပ်များ ဆွေးနွေးခဲ့ပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

သမ္မတနှစ်ဦးက တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်တောင်းဆုပြုခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး အပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# ဖိလစ်ပိုင် လေယာဉ်ပြုပြင်ထိန်းသိမ်းရေးကုမ္ပဏီ Lufthansa Technik Philippines ဝန်ထမ်းအင်အားလျှော့ချမည်

**မနီလာ ဖေဖော်ဝါရီ ၁၂**

လေယာဉ်ပြုပြင်ထိန်းသိမ်းရေး ကုမ္ပဏီဖြစ်သော Lufthansa Technik Philippines အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စီးပွားရေးကျဆင်းမှုများကြောင့် ဧပြီလအတွင်း ၎င်း၏ ဝန်ထမ်း ၃၀၀ ကို အလုပ်မှအနားပေးသွားမည်ဖြစ်ကြောင်း ယမန်နေ့က သတင်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသောကာလအတွင်း ဖြစ်ပေါ်လာသော စီးပွားရေးဆိုင်ရာ အခြေအနေများအပေါ်မူတည်ပြီး ယခုဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လေကြောင်းလိုင်းများ၏ စီးပွားရေးကျဆင်းမှုများသည် မိမိတို့အပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိလာကြောင်း Lufthansa Technik Philippines ၏ အမှုဆောင်အရာရှိချုပ် အယ်လ်မာလူတာက ယမန်နေ့တွင် ပြောကြားသည်။




မိမိတို့ ကုမ္ပဏီအနေဖြင့် ဝန်ထမ်းအင်အား လျှော့ချခြင်းနှင့် ကုန်ကျစရိတ်များ လျှော့ချခြင်းတို့ဖြင့် လုပ်ငန်း၏ဝင်ငွေလျော့နည်းခြင်းအား ပြန်လည်ကာမိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဧပြီ ၁ ရက်တွင် အဆိုပါအစီအစဉ်ကို စတင်ဆောင်ရွက်မည် ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ပြီးခဲ့သည့်နှစ် မတ်လအလယ်ပိုင်းမှစတင်ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လေဆိပ်များကို ပိတ်ထားခဲ့ရပြီး လေယာဉ်ပြေးဆွဲမှုများကိုလည်း ရပ်နားထားခဲ့ရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ

# ကမ္ဘာ့ဘဏ်က မွန်ဂိုလီးယားနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရေးအတွက် ကန်ဒေါ်လာ ၅၀ ဒသမ ၇ သန်း ပေးအပ်သွားမည်

**အူလန်ဘာတာ ဖေဖော်ဝါရီ ၁၂**

ကမ္ဘာ့ဘဏ်အနေဖြင့် မွန်ဂိုလီးယားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရေးအတွက် ကန်ဒေါ်လာ ၅၀ ဒသမ ၇သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့အတည်ပြုပြောကြားသည်။ ကမ္ဘာ့ဘဏ်၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုစီမံကိန်း၏ လုပ်ငန်းမူဘောင်အရ ယခုထောက်ပံ့ငွေကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်မှစတင်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တားဆီးထိန်းချုပ်ရေးအတွက် နည်းလမ်းများချမှတ်ပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၄၇ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူလေးဦးရှိခဲ့သည်။

နိုင်ငံသားတွေရဲ့အသက်တွေကို ကာကွယ်နိုင်ဖို့နဲ့ နိုင်ငံအတွင်း စီးပွားရေးနဲ့ လူမှုရေးလုပ်ငန်းတွေ ပြန်လည်အသက်ဝင်စေရန်အတွက် အစွမ်းထက်တဲ့ ဆေးဝါးတွေရရှိရန် အရေးကြီးကြောင်း မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ် မစ်နက်စ်က ပြောကြားသည်။

နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားကောင်းစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား နိုင်ငံသားများညီမျှစွာရရှိနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်၏ ယခုထောက်ပံ့ရေး အစီအစဉ်က အကူအညီပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မွန်ဂိုလီးယားနိုင်ငံ လူဦးရေ၏ ၆၀ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း အစိုးရက ဆိုသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ



မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ် မစ်နက်စ်

# တူရကီနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံ

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၂**

တူရကီနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများအား တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ယမန်နေ့က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပေးခြင်းကို ဇန်နဝါရီ ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးအား နှစ်ကြိမ်ထိုးနှံခြင်းသည် ကိုဗစ်-၁၉ ရောဂါကို ခုခံကာကွယ်ရာတွင် ထိရောက်မှုရှိပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုများအကြားတွင် ၂၈ ရက်ခြားပြီး ဆောင်ရွက်ရန် တူရကီဆေးဘက်ဆိုင်ရာ အာဏာပိုင်များက ဆုံးဖြတ်ခဲ့ကြောင်း ဖီရီဟာအိုဇက်ဆေးရုံမှ ဆေးရုံအုပ်ကြီး နူရာတန်ရီဘက်က ပြောကြားသည်။

"ဆေးရဲ့အာနိသင်ထိရောက်မှုကို လေ့လာရန်အတွက် ယခုကဲ့သို့ ပထမအကြိမ်ဆေးထိုးနှံမှုနှင့် ဒုတိယအကြိမ်ဆေးထိုးနှံမှုအကြားမှာ အချိန် ၂၈ ရက်ခြားထားတာဖြစ်ပြီး ဒီအချိန်မှာ စောင့်ကြည့်လေ့လာသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးဆောင်ရွက်သည့် အစီအစဉ်တွင် နိုင်ငံသား ၄၅၀၀ ပါဝင်ခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံ အိုင်ဟန်ဘာနက်ဆေးရုံမှသူနာပြုတစ်ဦးဖြစ်သူ ဇေနော့ကော့စ်က နိုင်ငံသားများအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့်သာ အဆိုပါကပ်ရောဂါကို ကျော်လွှားနိုင်မည်ဟု မိမိယုံကြည်ကြောင်း ပြောကြားသည်။ တူရကီနိုင်ငံအနေဖြင့် နိုင်ငံလူဦးရေ ၆၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ပါရီတင်ကိုကာက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ



# အိန္ဒိယနိုင်ငံ မီးရှူးမီးပန်းစက်ရုံတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား၊ ကိုးဦးသေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၁၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နာဒူပြည်နယ်ရှိ မီးရှူးမီးပန်းစက်ရုံ၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ကိုးဦးအနည်းဆုံး သေဆုံးခဲ့ပြီး ၃၃ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် တမီးလ်နာဒူပြည်နယ် ချင်နိုင်းမြို့မှ အနောက်တောင်ဘက် ၄၈၄ ကီလိုမီတာအကွာအဝေးရှိ အက်ဟန်ကူလမ်ရွာရှိ မီးရှူးမီးပန်းစက်ရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"အက်ဟန်ကူလမ်ရွာရှိ မီးရှူးမီးပန်းစက်ရုံအတွင်းမှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့တာပါ။ ကိုးဦးသေဆုံးပြီး ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်"ဟု သဘာဝဘေးစီမံခန့်ခွဲရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားစဉ် အဆိုပါစက်ရုံအတွင်း လုပ်သား ၅၀ ခန့် အလုပ်လုပ်လျက်ရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။

စက်ရုံပေါက်ကွဲမှု၏ အကြောင်းရင်းခံကို ယခုအချိန်အထိ မသိရှိရသေးသော်လည်း ဆက်လက်စုံစမ်းသွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# အမေရိကန်ပြည်သူ သန်း ၃၀၀ အတွက် ဇူလိုင်လအတွင်း ကာကွယ်ဆေးအလုံအလောက်ရရှိမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်ပြည်သူ သန်း ၃၀၀ အတွက် ဇူလိုင်လအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံအလောက် ရရှိမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

သမ္မတ ဂျိုးဘိုင်ဒင်က အမျိုးသားကျန်းမာရေးအင်စတီကျူသို့ ယမန်နေ့က ရောက်ရှိခဲ့စဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အမျိုးသားကျန်းမာရေးအင်စတီကျူသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရန် ရှေ့တန်းမျက်နှာစာမှ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သန်း ၁၀၀ နှင့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ထပ် သန်း ၁၀၀ ထပ်မံဝယ်ယူရန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများနှင့် သဘောတူညီခဲ့ပြီးဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ဇူလိုင်လအတွင်း ပြည်သူတစ်ဦးချင်းစီအား ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးရန် ကာကွယ်ဆေးအလုံအလောက် မှာယူထားပြီးဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမည့်အစီအစဉ်အတွက် ဇူလိုင်လအတွင်း ကာကွယ်ဆေးများ အလုံအလောက်ရရှိနိုင်မည်ဆိုပါက ယခင်မျှော်မှန်းထားသည့်အချိန်ထက် ပိုမိုမြန်ဆန်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်သူ သန်း ၃၀၀ အတွက် နွေရာသီကာလနှောင်းပိုင်းတွင် ကာကွယ်ဆေး အလုံအလောက်ရရှိစေရမည်ဟု သမ္မတ ဂျိုးဘိုင်ဒင်က လွန်ခဲ့သောလအတွင်း ပြောကြားခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင်က ၎င်းတာဝန်ထမ်းဆောင်သည့် ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူ သန်း ၁၀၀ အား ကာကွယ်ဆေးထိုးနှံပြီးဖြစ်နေစေရမည်ဟု မျှော်မှန်းထားသည့်အတိုင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်၏ လုပ်ငန်းဆောင်ရွက်မှုများသည် လက်ရှိအချိန်တွင် တိုးတက်ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ထမ်း ၁၀၀၀ ကျော်အား နိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့ စေလွှတ်ထားကြောင်းနှင့် ပြည်နယ်နှင့် ဒေသအားလုံးသို့လည်း ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ရန်ပုံငွေများကို ထောက်ပံ့ပေးထားကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ထိုင်းနိုင်ငံအတွင်းရှိ ပြည်နယ် ၁၀ ခုမှ ဒေသခံများအား တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေးမည်

**ဗန်ကောက် ဖေဖော်ဝါရီ ၁၂**

ထိုင်းနိုင်ငံအတွင်းရှိ ပြည်နယ် ၁၀ ခုမှ ဒေသခံများအား တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း ထိုင်းအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

ယခု ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်တွင် ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးဝန်ထမ်းများ၊ နာတာရှည်ရောဂါရှင်များနှင့် အသက် ၆၀ နှင့်အထက်ရှိသူများအား ယခုလနှောင်းပိုင်းမှ ဧပြီလအတွင်း ထိုးနှံပေးမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး၏ လက်ထောက်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးဆပ်ကော်မတီ၏ အကြီးအကဲ ဆိုဖွန်မက်ကာသွန်က ပြောကြားသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်သန်းကို ယခုကာကွယ်ဆေးထိုးသည့် အစီအစဉ်တွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများနေထိုင်ရာ ဆမတ်ဆခွန်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများမြင့်တက်နေပြီး ဆမတ်ဆခွန်ပြည်နယ်အား ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၈၂၀၀၀ ပေးအပ်သွားမည်ဖြစ်သည်။ ဇွန်လမှစတင်ပြီး AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေး ၆၁ သန်းအား နိုင်ငံတစ်ဝန်းတွင် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၈၆၉ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ ဖေဖော်ဝါရီ ၁၂**

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၈၆၉ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၀၁၈၅၉ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ၂၇၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၆၅၆ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် လူနာ ၁၁၀၀၀ ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၁၀၀၄၁၁၇ ဦး ရှိလာခဲ့ပြီဖြစ်သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် နိုင်ငံတစ်ဝန်းရှိ ဒေသ ၃၄ ခုသို့ ပျံ့နှံ့လျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း စစ်ဆေးတွေ့ရှိချက်အရ မြို့တော်ဂျကာတာတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၈၁၀၊ အရှေ့ကာလီမန်တန်ဒေသတွင် ၉၃၁ ဦး၊ အရှေ့ဂျာဗားတွင် ၇၇၆ ဦး၊ အနောက်ဂျာဗားတွင် ၆၈၃ ဦးနှင့် တောင်ဆူလာဝေစီတွင် ၆၇၆ ဦး တွေ့ရှိခဲ့သည်။ မာလူကူဒေသတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ထပ်မံမတွေ့ရှိရသေးကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် ဂျပန်နိုင်ငံ လက်ခံရရှိ

**တိုကျို ဖေဖော်ဝါရီ ၁၂**

အမေရိကန်နိုင်ငံဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ လေးသိန်းကို ပထမအသုတ်အဖြစ် ဂျပန်နိုင်ငံက ယနေ့ လက်ခံရရှိခဲ့ကြောင်း သိရသည်။




အဆိုပါကာကွယ်ဆေးများကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှ နီပွန်လေကြောင်းလိုင်းဖြင့် သယ်ဆောင်လာခဲ့ပြီး ဂျပန်နိုင်ငံ တိုကျိုမြို့အနီးရှိ နာရီတာလေဆိပ်သို့ ယနေ့ရောက်ရှိခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက Pfizer ကာကွယ်ဆေးကို နိုင်ငံတွင်း သုံးစွဲခွင့်ပြုရန် ဆွေးနွေးလျက်ရှိသည်။

ကျန်းမာရေးအာဏာပိုင်များက Pfizer ကာကွယ်ဆေးကို ပြည်တွင်းသုံးစွဲခွင့်အတွက် ဖေဖော်ဝါရီ ၁၄ ရက်တွင် အတည်ပြုပေးရန် မျှော်လင့်ရကြောင်း ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာက ပြောကြားခဲ့သည်။

လာမည့်ရက်သတ္တပတ်အတွင်း ကျန်းမာရေးဝန်ထမ်းများအား Pfizer ကာကွယ်ဆေးကို ပထမဆုံး ထိုးနှံပေးမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့က ဆိုသည်။

ထို့ပြင် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များနှင့် ဘိုးဘွားရိပ်သာများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ဧပြီလတွင် ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်အစိုးရနှင့် Pfizer ဆေးဝါးကုမ္ပဏီတို့ ချုပ်ဆိုထားသည့် စာချုပ်အရ ပြည်သူ ၇၂ သန်းအတွက် လုံလောက်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဂျပန်နိုင်ငံက ရရှိမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

■

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၀၈၃၉၁၅၁၆ ဦး

သေဆုံးသူ
၂၃၈၀၈၆၄ ဦး

ပြန်လည်ကျန်းမာလာသူ
၈၀၄၃၆၂၅၂ ဦး







# မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဆူပူဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဥပဒေမဲ့ အကြမ်းဖက်တိုက်ခိုက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ကိုထုတ်ပြန်၍ လူငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုသို့ထုတ်ပြန်ထားရှိသော်လည်း ယနေ့နံနက် ၁၀ နာရီ မိနစ်၂၀ ခန့်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးချိုရပ်ကွက် မော်လမြိုင်တက္ကသိုလ်ရှေ့၌ ညိုမင်း(ဘ)ဦးဌေးဝင်းနှင့် ထွန်းငြိမ်းဦး(ဘ)ဦးထွန်းလွင်တို့ နှစ်ဦးဦးဆောင်သော ဆူပူဆန္ဒပြသူ ကျောင်းသား/ဒေသခံများပါဝင်သည့် အင်အား ၂၀၀ ခန့်သည် မော်လမြိုင်တက္ကသိုလ်မှ မြို့တွင်းသို့ တရားဥပဒေမဲ့ဆူပူဆန္ဒပြချီတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကြေညာထားရှိကြောင်းနှင့် လူစုခွဲရန် လက်ကိုင်အသံချဲ့စက်များဖြင့် သတိပေး ပြောကြားစဉ် ဆူပူဆန္ဒပြသူများမှ ခဲများ၊ ရေသန့်ဘူးများဖြင့် စတင်ပစ်ပေါက်ပြီး ဥပဒေနှင့်ဆန့်ကျင်သည့်အပြုအမူများ ပြုလုပ်လာခဲ့သည်။

ယင်းသို့ လုပ်ဆောင်လာသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လူစုခွဲရန် မေတ္တာရပ်ခံပြောဆိုခဲ့သော်လည်း လူစုခွဲခြင်းမရှိဘဲ ဆူပူဆန္ဒပြသူများက ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို လုပ်ဆောင်လာခဲ့သောကြောင့် နံနက် ၁၀ နာရီခွဲခန့်တွင် ဦးဆောင်သူ ညိုမင်း၊ ထွန်းငြိမ်းဦးတို့ အပါအဝင် ဆူပူဆန္ဒပြသူ လေးဦးတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၎င်းတို့ လေးဦးအား ခံဝန်ကတိဖြင့် ပြန်လည်စေလွှတ်ရန် အတွက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူတို့က ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သော်လည်း ဆူပူဆန္ဒပြသူများက လူစုခွဲခြင်းမရှိဘဲ လေးခွများ၊ ကျောက်ခဲ၊ အုတ်ခဲများ၊ တုတ်များဖြင့် ပစ်ပေါက်ခြင်း စသည့်အကြမ်းဖက်လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရာဘာကျည်ထိုးထားသော သေနတ်ဖြင့် ၁၀ ချက်ခန့် ခြောက်လှန့်ပစ်ခတ်ခဲ့သော်လည်း လူစုခွဲခြင်းမရှိဘဲ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များကို ဆိုးရွားစွာ ဆက်လက် လုပ်ဆောင်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ခေတ္တရှောင်တိမ်းခဲ့ရသည်။

ထိုသို့ ဆူပူဆန္ဒပြသူများအား ထိန်းသိမ်းစဉ် ၎င်းတို့၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မော်တော်ယာဉ်များ၊ ရဲအသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးပျက်စီးခဲ့ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားမှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နေ့ညမပျက် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မိုးညှင်း၊ ဆီဆိုင်၊ ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် မိုးညှင်းမြို့နယ် ရွှေဘို - မြစ်ကြီးနားကားလမ်း၌ လှသိန်း မောင်းနှင်ပြီး မခင်မာဌေး (ခ) ဒေါ်စိန်(ခ)မဌေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၀ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် ဆီဆိုင်မြို့နယ် ဘန်းယဉ်-ဟိုပုံးသွား ကားလမ်း၌ ခွန်မောင်ဖွေ မောင်းနှင်ပြီး ခွန်ထွန်းလေး လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီတွင် ကလောမြို့နယ် ကလော-သာစည် သွားကားလမ်း မိုင်တိုင်အမှတ်(၆၅/၃)အနီး၌ ရန်မိုးနောင်(ခ) အရှုံ့ဒတ်အလီ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ခွန်မောင်ဖွေ၊ ခွန်ထွန်းလေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ပေါက်ပြားဖြင့်ခုတ်မိပြီး အမျိုးသားတစ်ဦးသေဆုံး

**သရက်ချောင်း ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် လဘကျေးရွာအုပ်စု ကျွဲဖပ်ကျေးရွာတွင် ယမန်နေ့ ည ၈ နာရီခွဲခန့်က ပေါက်ပြားဖြင့်ခုတ်မိ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ ကျွဲဖပ်ကျေးရွာနေ ကိုစောကိုသည် အရက်သေစာသောက်စားမူးယစ်ပြီး ၎င်း၏ နေအိမ်ရှေ့လမ်း သစ်သားတံတားအား ခုတ်ထစ်ဖျက်ဆီးနေ၍ ရာအိမ်မှူး ဦးထွန်းလေးက သွားရောက်ကာ မဖျက်ဆီးစေရန်တားမြစ်ဟန့်တားခြင်းပြုလုပ်ရာ ကိုစောကိုက ကိုင်ဆောင်ထားသည့် ပေါက်ပြားဖြင့်ခုတ်လိုက်၍ ဦးထွန်းလေး ဒဏ်ရာများရရှိကာ သေဆုံးသွား၍ ကိုစောကိုအား သရက်ချောင်းမြို့မရဲစခန်းက အမှုရေးဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပ



**စစ်တွေ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ရခိုင်ပြည်နယ်ကောင်စစ်ဝန်များ၊ မြို့မိမြို့ဖများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင်များ၊ ဖိတ်ကြားထားသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၊ ရဲဘော်များအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာကန်လွတ်လပ်ရေးကျွန်းပေါ်ရှိ လွတ်လပ်ရေးကျောက်တိုင်တွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် နိုင်ငံတော်အလံတင်အလေးပြုခြင်းနှင့် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

**ထားဝယ်**

(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က အလေးပြုခံစင်မြင့်တွင် နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ တက်ရောက်လာသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခဲ့ကြသည်။

ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိစစ်သည်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

**လှိုင်ကော်**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး(ခ)ဘူးရယ်က ဖတ်ကြားသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး၊ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**





**ပုသိမ်**

(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ကန်သာယာပြည်ထောင်စုကွင်း၌ ကျင်းပသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က ဖတ်ကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကြည်း၊ ရေ၊ လေမှ အရာရှိများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပုသိမ်မြို့အခြေစိုက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်**

**(ပြန်/ဆက် )**

**တောင်ကြီး**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီခွဲက (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

ဆက်လက်၍ နံနက် ၇ နာရီက တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပရာ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာဖတ်ကြားသည်။

အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်နှင့်အညီ ကျင်းပကြောင်း သိရသည်။

**မောင်မောင်သန်း**

**(တောင်ကြီး)**

■



**ပဲခူး**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်၍ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးဝင်းအတွင်း၌ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အလံတင်အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီး လှမျိုးရွှေ၊ အတွင်းရေးမှူး ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး နံနက် ၅ နာရီခွဲတွင် အလံတင်ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့လွှင့်တင်၍ အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲအခမ်းအနား ဆက်လက်ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကိုပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ဖတ်ကြားခဲ့သည်။ **တင်စိုး(ပဲခူး)**

**ပင်းတယ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ရှမ်းပြည် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ဖတ်ကြားသည်။

(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ပင်းတယ**

**(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း၌ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပ



ပူတာအိုမြို့
ဓာတ်ပုံ - ဖုန်ကန်(ပူတာအို)



ငါန်းဇွန်မြို့
ဓာတ်ပုံ - သက်နောင်ဦး(ငါန်းဇွန်)




မောင်တောမြို့
ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)



နမ္မတူမြို့
ဓာတ်ပုံ - လူမော်(ပြန်/ဆက်)



ဖဲမြို့
ဓာတ်ပုံ - မယု(ဖဲ)



ဟားခါးမြို့
ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)



ကသာမြို့
ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)



ပေါင်မြို့
ဓာတ်ပုံ - ဝင်းမင်းသန်း(ပြန်/ဆက်)

# နိုင်ငံတစ်ဝန်း၌ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ


ဘားအံမြို့နယ်
ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)


ဥတ္တရသီရိမြို့နယ်
ဓာတ်ပုံ - အောင်ကို(ပြန်/ဆက်)


မိတ္ထီလာမြို့နယ်
ဓာတ်ပုံ - သိန်းမြင့်ကျော်(မိတ္ထီလာ)


ဝေါမြို့နယ်
ဓာတ်ပုံ - အောင်မြတ်လင်း(ပြန်/ဆက်)


မိုးမိတ်မြို့နယ်
ဓာတ်ပုံ - မိုးမိတ်သား(စည်သူငွေး)


ဆီဆိုင်မြို့နယ်
ဓာတ်ပုံ - ခွန်ရဲထွေး(ဆီဆိုင်)


ကျောက်ကြီးမြို့နယ်
ဓာတ်ပုံ - ကိုသားကြီး(ကျောက်ကြီး)


ပျဉ်းမနားမြို့နယ်
ဓာတ်ပုံ - စိုးမိုး(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျအကျဉ်းသား အကျဉ်းသူများကလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမိန့်အမှတ်၊ ၅၉/၂၀၂၂ နှင့် ၆၀/၂၀၂၂ တို့ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူ ၂၃၁၄ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၅၅ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းကြောင့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူ ၂၃၁၄ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၅၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ " နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗဟိုအကျဉ်းထောင်(မန္တလေး)မှ အကျဉ်းသား ၁၁၄၇ ဦး လွတ်မြောက်



**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဗဟိုအကျဉ်းထောင်(မန္တလေး)ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လွတ်ငြိမ်းခွင့်အမိန့်ဖြင့် လွတ်မြောက်သော အကျဉ်းသား အကျဉ်းသူများအား မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ မန္တလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မွန်လတ်၊ မန္တလေးခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဦးရဲရင့်ထွန်း၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်းတို့က ဩဝါဒစကားပြောကြားကြသည်။

ဗဟိုအကျဉ်းထောင်(မန္တလေး)မှ ယနေ့တွင် နိုင်ငံသားအကျဉ်းသား ၉၂၅ ဦး၊ အကျဉ်းသူ ၂၁၅ ဦး၊ နိုင်ငံခြားသားအကျဉ်းသား ငါးဦး၊ အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၁၁၄၇ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ် နေပြည်တော် အချုပ်ထောင်၌ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ရရှိသူ အကျဉ်းသား ၅၂ ဦးလွှတ်ပေး

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၁၂**

ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် နေပြည်တော်အချုပ်ထောင်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၅၈/၂၀၂၂ နှင့် အမိန့်အမှတ် ၅၉/၂၀၂၂ တို့အရ အကျဉ်းသား အကျဉ်းသူများအား ယနေ့မွန်းလွဲ ၁ နာရီက လွှတ်ပေးခဲ့သည်။

လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်တို့အရ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ရရှိသူများအား နေပြည်တော်အချုပ်ထောင်မှ ထောင်ပိုင် ဦးစီးအရာရှိ ဦးအောင်သန်းမြင့်၊ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းကျော်တို့က ဆုံးမဩဝါဒစကားပြောကြားခဲ့ပြီး အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၅၂ ဦးအား ထောင်ထွက်လက်မှတ်များနှင့်ထောက်ပံ့ငွေများပေးအပ်၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၄၉ ဦး လွတ်မြောက်

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမိန့်အမှတ် ၅၉/ ၂၀၂၂နှင့် ၆၀/၂၀၂၂ တို့ဖြင့် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့် ထုတ်ပြန်ခဲ့ရာ စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၄၉ ဦး လွတ်မြောက်လာကြောင်း သိရသည်။

ထိုသို့ လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၂၁၈ ဦး၊ အကျဉ်းသူ ၃၁ ဦး လွတ်မြောက်ခဲ့ပြီး ၎င်းတို့အနက် နိုင်ငံခြားသားတစ်ဦး ပါဝင်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မအူပင်မြို့၌ အကျဉ်းသား ၉၁ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

**မအူပင် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ပြစ်ဒဏ်ကျခံရသည့် အကျဉ်းသား ၉၁ ဦးအား ယနေ့မွန်းလွဲ ၂ နာရီက ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်ဖြင့် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်ရက်စေ့သူများအား မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူနှင့် မအူပင်အကျဉ်းထောင်တာဝန်ခံ ဦးအောင်ကျော်စိုးတို့က ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အရ လွှတ်ပေးမှုအား ရှင်းလင်းပြီး မအူပင် အကျဉ်းထောင်မှ အကျဉ်းသား ၈၄ ဦး၊ အကျဉ်းသူ ခုနစ်ဦး စုစုပေါင်း ၉၁ ဦးအား ပြစ်ဒဏ်အဆင့်ဆင့်အရ စစ်ဆေးကာ လွတ်မြောက်သူများအား နေရပ်သို့ပြန်နိုင်ရေး ကျန်းမာရေးစစ်ဆေးမှုများ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း မအူပင် အကျဉ်းထောင်တာဝန်ခံ ဦးအောင်ကျော်စိုးထံမှ သိရသည်။

**အောင်ခိုင်(မအူပင်)**

## မိတ္ထီလာအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား ၁၀၀ ကျော် လွှတ်ပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အကျဉ်းဦးစီးဌာနမှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား ၁၀၀ ကျော် ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက နန်းတော်ကုန်းရပ်ကွက်ရှိ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။




ရှေးဦးစွာ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းဟန်ဦး၊ မိတ္ထီလာအကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ရွှေတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်မည့် အကျဉ်းသား အကျဉ်းသူများအား မိတ္ထီလာ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ပြီး အကျဉ်းသား အကျဉ်းသူများအား လမ်းစရိတ်အဖြစ် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား ၈၉ ဦးနှင့် အကျဉ်းသူ ၂၀ တို့ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြိတ်မြို့၌ အကျဉ်းသား အကျဉ်းသူ ၆၀၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်

**မြိတ် ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့၌ အကျဉ်းကျခံနေရသော အကျဉ်းသား အကျဉ်းသူ ၆၀၂ ဦးကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စည်းကမ်းသတ်မှတ်ချက်ထားကာ ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခဲ့သော အကျဉ်းသား အကျဉ်းသူများမှာ မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၃၄၁ ဦး၊ အကျဉ်းသူ ၇၂ ဦးနှင့် ကျောက်ဖြူတောင်ကျေးရွာ ကျောက်ဖြူတောင် ကုန်ထုတ်စခန်း၌ အကျဉ်းကျခံနေရသော အကျဉ်းသား ၁၈၉ ဦး စုစုပေါင်း ၆၀၂ ဦး ဖြစ်သည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးရာတွင် အကျဉ်းသားများအား ၎င်းတို့ ပြစ်ဒဏ်ကျခံရစဉ်က ရရှိသည့် လုပ်အားခငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြိတ်(ပြန်/ဆက်)**

# ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား ၁၂၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေး

**ထားဝယ် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမိန့်အမှတ် ၅၉/ ၂၀၂၂ နှင့် ၆၀/၂၀၂၂ တို့ဖြင့် ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့် ထုတ်ပြန်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်အကျဉ်းထောင်မှ အမျိုးသား ၁၁၉ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၂၈ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းသက်သာခွင့်ရရှိသူများကို ၎င်းတို့၏ မိဘ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများက ဝမ်းပန်းတသာဖြင့် လာရောက်ကြိုဆိုကြကြောင်း သိရသည်။

**ထားဝယ်(ပြန်/ဆက်)**

# ဘားအံမြို့နယ်အတွင်းရှိ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများမှ အကျဉ်းသား ၆၇၂ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု



**ဘားအံ ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများမှ အကျဉ်းသား၊ အကျဉ်းသူ ၆၇၂ ဦးအား ယနေ့မွန်းလွဲပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေရသူ ၂၃၃၁၄ ဦးအား ပြစ်ဒဏ်များ အပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၂၇၀ နှင့် အကျဉ်းသူ ၁၁၈ ဦး၊ လက္ခဏစိုက်/မွေးအကျဉ်းစခန်းမှ အကျဉ်းသား ၁၅၂ ဦး၊ မာလာဖူးကုန်ထုတ်အကျဉ်းစခန်းမှ အကျဉ်းသား ၁၃၂ ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၆၇၂ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဖန်းမော်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၂၈ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

**ဗန်းမော် ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ် ဗန်းမော် အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၃၂၈ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ယနေ့နံနက် ၁၁ နာရီက လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သော ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် (၅၈/ ၂၀၂၁)နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် (၅၉/၂၀၂၁) အရ လွတ်မြောက်မည့် အကျဉ်းသား ၂၆၇ ဦးနှင့် အကျဉ်းသူ ၆၁ ဦး စုစုပေါင်း ၃၂၈ ဦးတို့အား ဗန်းမော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ခေတ္တဥက္ကဋ္ဌ ဦးတင့်နိုင်၊ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးထွန်းဦးနှင့် ဗန်းမော်အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွဋ်တို့က ဆုံးမသြဝါဒစကားများ ပြောကြားခဲ့ပြီး ထောက်ပံ့ငွေအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**



# တပ်ကုန်းမြို့နယ် ကင်းသာအကျဉ်းဦးစီးဌာန (၁)၊ (၂) ကုန်ထုတ်စခန်းမှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူ အကျဉ်းသား ၃၁၉ ဦး လွှတ်ပေး

**တပ်ကုန်း ဖေဖော်ဝါရီ ၁၂**

တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စုရှိ အကျဉ်းဦးစီးဌာန ကင်းသာ(၁)၊ (၂) ကုန်ထုတ်စခန်းမှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး လွတ်ရက်စေ့သူများကို ယနေ့နံနက် ၈ နာရီခွဲက လွှတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်ရက်စေ့သူများအား တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ အကျဉ်း(၁)စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဥာဏ်လင်းအောင်၊ အကျဉ်း(၂)စခန်းတာဝန်ခံ ဦးစိုးသီဟနှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ဆုံးမသြဝါဒစကားပြောကြားခဲ့ပြီး အကျဉ်းဦးစီးဌာန(၁)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၈၂ ဦး၊ အကျဉ်းဦးစီးဌာန(၂)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၃၇ ဦး စုစုပေါင်း ၃၁၉ ဦးတို့အား နံနက် ၁၀ နာရီခွဲခန့်က နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်လိုက်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်)**






# မော်လမြိုင်ကျွန်းမြို့နယ် စွယ်စုံကျေးရွာ၌ နွေစပါးအောင်မြင်ဖြစ်ထွန်းသဖြင့် ဝင်ငွေတိုးပွား

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အောက်ဘက် ရေချိုရေငန် ထိစပ်နေသော ရှောက်ချောင်းကျေးရွာအုပ်စု စွယ်စုံကျေးရွာရှိတောင်သူများသည်နွေစပါးကို ဝင်ငွေတိုးပွားရရှိစေရေးအတွက် စိုက်ပျိုးကြရာ ဖေဖော်ဝါရီ ၁၁ ရက်အထိ စွယ်စုံကျေးရွာလုံးကျွတ် နွေစပါး ဧက ၃၀၀ ခန့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ယင်းစွယ်စုံကျေးရွာမှာ ရေချိုရေငန်ဆက်စပ်နေသောဒေသတွင် တည်ရှိသဖြင့် နွေစပါးကို အချိန်မီ စိုက်ပျိုးကြရပြီး ယခင်နှစ်က အထွက်နှုန်းကောင်းသော နွေစပါးကို စိုက်ပျိုးခဲ့ကြရာ တစ်ဧကလျှင် နွေစပါး တင်း ၁၅၀ မှ ၁၈၀ အထိ ထွက်ရှိသောကြောင့် နွေစပါးစိုက်တောင်သူများ ဝင်ငွေတိုးပွားအကျိုးများလျက်ရှိသည်။



"ကျွန်တော်က စွယ်စုံကျေးရွာမှာ နေပါတယ်။ နွေစပါးဧက ၆၀ ခန့် စိုက်ပါတယ်။ မနှစ်ကဆိုရင် နွေစပါးတစ်ဧက တင်း ၁၈၀ ခန့်အထိထွက်ရှိခဲ့လို့ နွေစပါးကနေ ဝင်ငွေ အကျိုးအမြတ်အများကြီး ရရှိခဲ့ပါတယ်။ ယခုနှစ် နွေစပါးရိတ်သိမ်းချိန်ကျရင် တစ်ဧက တင်း ၁၈၀ အနည်းဆုံးလောက်ထွက်မယ်လို့ ခန့်မှန်းပါတယ်"ဟု စွယ်စုံကျေးရွာမှ စံပြတောင်သူ ဦးဇော်ဦးက ပြောသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ်တွင် နယ်မြေငါးခုတို့၌ စိုက်ပျိုးထားသော နွေစပါးများ အောင်မြင်ရှင်သန်ဖွံ့ဖြိုးလျက်ရှိရာ နွေစပါးစိုက်တောင်သူများက အထွက်နှုန်းကောင်း နွေစပါးကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း မြင့်အောင်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတု

## ကိုဖိုးအေး (မြန်မာ့အသံ)

ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ အခုအခါ (၇၅)နှစ်မြောက် စိန်ရတုကာလကို ရောက်ရှိလို့လာပါပြီ။ ဖြတ်သန်းလာခဲ့တဲ့အတိတ်ကို ပြန်ပြောင်းကြည့်မယ်ဆိုရင် ၁၉၄၆ ခုနှစ်မှာ "ဗမာ့အသံ" အဖြစ် စတင်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာတော့ မြန်မာ့အသံလို့ ကင်ပွန်းတပ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှာတော့ "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား" ဖြစ်လာခဲ့ပါတယ်။ ရုပ်မြင်သံကြားအနုပညာကို ပြည်သူအများ ကြည့်ရှုခံစားနိုင်ခဲ့ကြတာကတော့ နှစ်ပေါင်း ၄၁ နှစ်ခန့် ရှိလာခဲ့ပါပြီ။

ရေဒီယိုကိုတော့ နှစ်ပေါင်း ၇၅ နှစ်မျှ သောတရှင်တွေ နားဆင်နိုင်ခဲ့ကြပြီးဖြစ်တာမို့ စိန်ရတုကာလသို့ ရောက်ရှိလာပြီလို့ ပြောရတော့မှာ ဖြစ်ပါတယ်။

ကာလကြာမြင့်လာတာနဲ့အမျှ ကျွန်တော်တို့ မီဒီယာရဲ့တန်ဖိုးဟာလည်း မြင့်တက်လို့လာခဲ့ပါပြီ။ အတွေ့အကြုံတွေလည်း ပိုလာပါတယ်။ ခေတ်အဆက်ဆက်က ဖြစ်ရပ်တွေကို ပြည်သူတွေထံ တင်ဆက်နိုင်ခဲ့ပါတယ်။ ဗမာ့အသံဟာ လွတ်လပ်ရေးမရခင်ကတည်းက ပေါ်ထွက်ခဲ့တဲ့ဌာနကြီး ဖြစ်ပါတယ်။ ခေတ်စနစ် အမျိုးမျိုးပြောင်းလဲလာမှုနဲ့အမျှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာလည်း အပြောင်းအလဲ အများကြီးကြုံတွေ့ခဲ့ရပါတယ်။

### စက်မှုနှင့် တင်ဆက်မှုနည်းသစ်တိုးတက်လာ

အစိုးရတိုင်းဟာလည်း ပြည်သူနဲ့ဆက်သွယ်တဲ့ ဆက်သွယ်ရေးယန္တရား လိုအပ်နေမှာဖြစ်သလို ပြန်ကြားပေးဖို့၊ ပညာပေးဖို့၊ ဖျော်ဖြေပေးဖို့ဟာလည်း ပြည်သူ့အတွက် အရေးကြီးစွာ လိုအပ်နေဦးမှာ ဖြစ်ပါတယ်။ စက်မှုဆိုင်ရာ နည်းပညာသစ်တွေ တိုးတက်လာသလို အသံလွှင့်တင်ဆက်မှုတို့ဟာလည်း အခုအခါ ပိုမိုကောင်းမွန်လို့ လာနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ရုပ်သံထုတ်လုပ်မှုနဲ့ ထုတ်လွှင့်မှုဆိုင်ရာ ထူးချွန်ဆု၊ အသံလွှင့်နဲ့ ရုပ်မြင်သံကြားတင်ဆက်မှုဆိုင်ရာ ထူးချွန်ဆု၊ စက်မှုဆိုင်ရာထူးချွန်ဆု၊ ရိုက်ကူးရေးဆိုင်ရာထူးချွန်ဆု၊ စံပြဆုတွေကို တာဝန်ရှိသူတွေကိုယ်တိုင် ချီးမြှင့်လေ့ရှိပါတယ်။ ဒ့ါအပြင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူတွေကိုလည်း ဂုဏ်ပြုချီးမြှင့်လေ့ရှိပါတယ်။ ဝတ်စုံစရိတ်တွေကိုလည်းပေးအပ်ပြီး နှစ်ပတ်လည်အခမ်းအနားအတွက် ပံ့ပိုးပေးတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ ကုမ္ပဏီတွေကို ဂုဏ်ပြုမှတ်တမ်းတွေ ပေးအပ်လေ့ရှိပါတယ်။ နှစ်ပတ်လည်နေ့အထိမ်းအမှတ်မှာ ဗလာမပါ ကံစမ်းမဲတွေလည်း ဖောက်ပေးလေ့ ရှိပါတယ်။

အွန်လိုင်းခေတ်မှာ သတင်းအချက်အလက်ပေးတာ၊ အသိပညာပေးတာနဲ့ ဖျော်ဖြေတာတို့ဟာ လိုအပ်နေပါတယ်။ ခေတ်စနစ်နဲ့အညီ နည်းပညာတွေကိုအသုံးပြုပြီး တင်ပြပုံ၊ ပြောင်းလဲဆန်းသစ်တာတွေကို ဖော်ထုတ်လျက်ရှိတာ တွေ့ရပါတယ်။ အသွင်သဏ္ဌာန်တွေ ကွာခြားသွားနိုင်ပေမယ့်လို့ အတွင်းအနှစ်သာရကတော့ ပြောင်းလဲမှုမရှိဘဲ အတတ်ပညာတွေ ပိုမိုဖြည့်ဆည်းပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်နေကြပါတယ်။

### စိန်ရတုသို့ရောက်လို့လာ

နိုင်ငံအတွက်၊ ပြည်သူ့အတွက် တတ်စွမ်းတဲ့ လုပ်ငန်းတာဝန်တွေကို ပိုမိုဖြည့်ဆည်းပြီး လေ့လာသင်ယူကြပြီး တန်ဖိုးကို မြှင့်တင်နေကြတာကိုလည်း တွေ့ရပါတယ်။ လုပ်ငန်းခွင်အတွင်း အာရုံစူးစိုက်လုပ်ကိုင်ခြင်းနဲ့ ကဏ္ဍအလိုက်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရင်း တိုးတက်မှုကိုရှာဖွေရင်း အခု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ (၇၅) နှစ်ပြည့် စိန်ရတုကာလကို ရောက်ရှိလို့လာပါပြီ။

ဒီစိန်ရတုပွဲကိုလည်း ရုပ်ရှင်ရာပြည့်ပွဲတော်နဲ့ တက္ကသိုလ်ရာပြည့်ပွဲတော်တွေနည်းတူ ခမ်းနားစွာ ပြသနေပါတယ်။ (၇၅) နှစ်တာကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ဆောင်ရွက်ခဲ့တဲ့ ဖြတ်သန်းမှုပုံရိပ်တွေ၊ ပစ္စည်းတွေနဲ့ အမှတ်တရတွေကို ပြသလျက်ရှိပါတယ်။ ကြိုတင်ပြီးတော့လည်း စိန်ရတုအတွက် အစီအစဉ်တွေ ထည့်သွင်းတင်ဆက်နေပါတယ်။ ဂုဏ်ယူဝင့်ကြွားစွာနဲ့ တင်ဆက်ပြသနိုင်ဖို့ အားလုံးဝိုင်းဝန်းကြိုးစားခဲ့ကြပါတယ်။

### သွက်လက်ထက်မြက်တဲ့မီဒီယာလက်နက်

မြန်မာ့အသံဟာ မိမိရဲ့မီဒီယာစွမ်းအားနဲ့ ပြည်သူတွေကို မှန်ကန်တဲ့ အသိအမြင်၊ အတွေးအခေါ်တွေ၊ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ထက်မြက်နေစေဖို့ အမျိုးသားရေးအမြင်နဲ့ အစဉ်ကြိုးပမ်းထုတ်လွှင့်လျက်ရှိပါတယ်။

ဒီကနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို ပညာပြန့်ပွားစည်းရုံးလှုံ့ဆော် ထုတ်လွှင့်လျက်ရှိတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပဓာနကျပြီး သွက်လက်ထက်မြက်တဲ့ မီဒီယာပဲ ဖြစ်ပါတယ်။

မြန်မာ့အသံဟာ မှန်ကန်တဲ့သတင်းတွေ၊ အစိုးရမူဝါဒတွေ၊ သဘောထားတွေ၊ ကြေညာချက်တွေ၊ အမိန့်တွေ၊ ဥပဒေတွေ စတဲ့ထုတ်ပြန်ချက်တွေနဲ့ ပြည်သူကို ပြန်ကြားပေးလျက်ရှိပါတယ်။ ဒ့ါအပြင် တန်ဖိုးရှိတဲ့ သင်ခန်းစာတွေ၊ ဗဟုသုတဖြစ်ဖွယ်ရာတွေ၊ ဆင်ခြင်တုံတရားတွေ၊ အသိတရားတွေနဲ့ ပြည့်ဝကြစေဖို့ ပြည်သူတွေကို ပညာပေးလျက်လည်းရှိပါတယ်။ ပြည်သူတွေ အပန်းဖြေနားနေကြတဲ့ အချိန်တွေမှာ စိတ်ကြည်နူးချမ်းသာမှု၊ စိတ်သက်သာမှု၊ စိတ်နှစ်သိမ့်မှုရရှိစေဖို့ ဖျော်ဖြေမှုပေးဖို့ဆိုတဲ့ ဦးတည်ချက်သုံးရပ်နဲ့အညီ စီစဉ်ထုတ်လွှင့်လျက်ရှိပါတယ်။

### နေရာဌာနပြောင်းတဲ့ မြန်မာ့အသံနှင့် ရုပ်သံ

မြန်မာ့အသံဟာ ၁၉၃၇ ခုနှစ် အင်္ဂလိပ်ခေတ်က ရန်ကုန် မင်္ဂလာဒုံကအထွက် ကျိုက္ကလို့စေတီမှ ကိုက် ၂၀၀ ကျော်အကွာမှာရှိတဲ့ ဝိုင်ယာလက်နေရာမှာ စတင်အသံလွှင့်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်မှာ ရန်ကုန်မြို့ (၃၆) လမ်းရှိ ကြေးနန်းရုံးအောက်ထပ်မှာ စတူဒီယိုအခန်းဖွဲ့ပြီး အသံလွှင့်ခဲ့ပါတယ်။ ၁၉၃၉ ခုနှစ်မှာ မြန်မာနိုင်ငံတော်အစိုးရ အသံလွှင့်ဌာန ဖြစ်လာခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ အင်္ဂလိပ်အစိုးရဟာ အသံလွှင့်ရုံကို သတင်းဝါဒဖြန့်ချိရေးအတွက် အသုံးချခဲ့ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဗြိတိသျှတပ်တွေဟာ ဂျပန်တို့ရဲ့ထိုးစစ်ဆင်မှု၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ရဲ့ တိုက်ခိုက်မှုတို့ကို မခံနိုင်တော့ဘဲ တနင်္သာရီတိုင်းကစတင်ပြီး ဆုတ်ခွာနေကြရပါတယ်။ ဒ့ါကြောင့် အသံလွှင့်ရုံကို ရန်ကုန်မြို့မှ မေမြို့ (အခုပြင်ဦးလွင်) ကို ပြောင်းရွှေ့အသံလွှင့်ခဲ့ပါတယ်။

သတင်းထောက်တစ်ဦးဖြစ်တဲ့ ဂျပန်ပြည် တိုကျိုမြို့က ဒေါ်သီရဲ့ အသံလွှင့်ချက်တွေနဲ့ ရဲဘော်သုံးကျိပ်ဝင် သခင်ထွန်းအုပ်တို့က "မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်တွေကို မောင်းထုတ်ကြ" စတဲ့ ရဲရဲတောက်တောက် လှုံ့ဆော်ပေးတဲ့ဟောပြောချက်တွေကို ပုန်းလျှိုးကွယ်လျှိုး အသံဖမ်းယူနားထောင်ကြတာက များပါတယ်။

၁၉၄၂ ခုနှစ် ဧပြီလမှာ ဂျပန်လေတပ်က မန္တလေးနဲ့ မေမြို့ကို ဗုံးကြဲတိုက်ခိုက်တဲ့အတွက် အသံလွှင့်တာကို ရပ်လိုက်ရပါတယ်။

ဂျပန်တို့ယူလာတဲ့ တစ်ကီလိုဝပ် အသံလွှင့်စက်ကို ၁၉၄၂ ခုနှစ် ဩဂုတ်လမှာ ကမ္ဘာအေးစေတီအနီး ရေကူးရွာမှာထားပြီး ၂၆၃ မီတာနဲ့စတင်အသံလွှင့်ခဲ့ပါတယ်။ အဲဒီလမှာပဲ ပိုကျယ်တဲ့ကမ္ဘာအေးစေတီလမ်းက ချင်းချောင်းနန်းတော်ကိုပြောင်းရွှေ့ပြီး အသံလွှင့်ခဲ့ပါတယ်။

၁၉၄၅ ခုနှစ် မတ်လဆန်းမှစပြီး ဖက်ဆစ်တော်လှန်ရေး အတိအလင်းစခဲ့ပါတယ်။ ဧပြီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှာ ဂျပန်စစ်တပ်က အင်ဂျင်နီယာတွေဟာ ရန်ကုန်ရှိ တံတားလေးနဲ့ ရေကူးရွာရှိ အသံလွှင့်စက်တွေအားလုံးကို ဖျက်ဆီးလိုက်ကြပါတယ်။

ဖက်ဆစ်တော်လှန်ရေးမဆင်နွှဲမီက အသံလွှင့်လုပ်ငန်းတစ်ရပ်ကို ရန်ကုန်မြို့ နတ်မောက်လမ်းက ထုတ်လွှင့်ပေးခဲ့ပါသေးတယ်။ ဂျပန်တွေ ဆုတ်ခွာသွားတဲ့အခါမှာ အဲဒီနေရာကနေပြီး 'မြန်မာ့တော်လှန်ရေးတပ်မတော်အသံလွှင့်ဌာန'လို့ နာမည်ပေးပြီး အသံလွှင့်ခဲ့ပါတယ်။ တော်လှန်ရေးအင်အားစုတွေနဲ့ ပြည်သူလူထုအကြား အဆက်အသွယ်မပြတ်ဖို့အတွက် သတင်းတွေနဲ့ ဓာတ်ပြားသီချင်းတွေ ထုတ်လွှင့်ပေးခဲ့ပါတယ်။ ၁၉၄၅ ခုနှစ် မေလဆန်းမှာ ဗြိတိသျှတပ်တွေ ပြန်ဝင်ရောက်လာချိန်မှာ ရပ်လိုက်ပါတယ်။

ထိုသို့ရပ်နားလိုက်ပြီး ရန်ကုန်မြို့ ရွှေတောင်ကြားရပ် လောင်းဝစ္စလမ်း (ယခု အင်းလျားမြိုင်လမ်း) ကနေပြီး ရန်ကုန်ရေဒီယို(Rangoon Radio) လို့ အမည်ပေးပြီး အသံလွှင့်ပါတယ်။

### တီထွင်ဆန်းသစ်လိုက်တဲ့ဦးခင်ဇော်

မကြာမီ ဗြိတိသျှတို့ရဲ့ စစ်အုပ်ချုပ်ရေးခေတ်ကနေ ကတ်စ်ဘီခေါ်တဲ့ မြို့ပြဆိုင်ရာ အစိုးရအုပ်ချုပ်ရေးခေတ်ကို ရောက်လာတဲ့အခါမှာ အသံလွှင့်လုပ်ငန်းဟာလည်း မြို့ပြအုပ်ချုပ်ရေးအောက်ကို ရောက်ရှိလာခဲ့တယ်။ အဲဒီအခါမှာ မြို့ပြဆိုင်ရာအစိုးရဟာ အသံလွှင့်လုပ်ငန်းကို ကြီးမှူးဖွဲ့စည်း စီမံအုပ်ချုပ်ဖို့ အောအင်ဒီယား (All India) ရေဒီယိုမြန်မာပိုင်းအစီအစဉ်မှာ ၁၉၄၂ ခုနှစ်မှ ၁၉၄၄ ခုနှစ်အထိ၊ လန်ဒန်မြို့ရှိ BBC အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်မှာ ၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ စာရေးဆရာ K အမည်ခံ ဦးခင်ဇော်ကို ပြန်ခေါ်ပြီး မြန်မာနိုင်ငံ အသံလွှင့်လုပ်ငန်း ညွှန်ကြားရေးဝန်အဖြစ် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှာ စတင်ခန့်အပ်ခဲ့ပါတယ်။

အသံလွှင့်လုပ်ငန်းဟာ သတင်း၊ ပညာပေးနဲ့ ဖျော်ဖြေရေး၊ တေးဂီတတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ရတဲ့ လူထုဆက်သွယ်ရေးလုပ်ငန်းအဖြစ် ဦးခင်ဇော်က ခံယူပါတယ်။ ဒ့ါကြောင့် စာပေစိတ်ဓာတ်ရှိတဲ့ အနုပညာဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေနဲ့လက်တွဲပြီး အသံလွှင့်လုပ်ငန်းကို တီထွင်ဆန်းသစ်ခဲ့ပါတယ်။ အနုပညာရှင်တွေနဲ့တိုင်ပင်ပြီး ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ ဗမာ့အသံ (Burma Broadcasting Service – BBS) လို့ အမည်နာမကို ကင်ပွန်းတပ်ပြီး အသံလွှင့်လုပ်ငန်းကဏ္ဍသစ်ကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

စာမျက်နှာ ၂၁ သို့


ဗမာ့အသံ(BBS)အနေဖြင့် အသံလွှင့်စဉ်က လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကို တိုက်ရိုက်အသံလွှင့်ခဲ့သည့် အဆောက်အအုံ။

❖ မြန်မာ့အသံဟာ မိမိရဲ့မီဒီယာစွမ်းအားနဲ့ ပြည်သူတွေကို မှန်ကန်တဲ့အသိအမြင်၊ အတွေးအခေါ်တွေ၊ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ထက်မြက်နေစေဖို့ အမျိုးသားရေးအမြင်နဲ့ အစဉ်ကြိုးပမ်းထုတ်လွှင့်လျက်ရှိ။

❖ ပြည်သူတွေ အပန်းဖြေနားနေကြတဲ့အချိန်တွေမှာ စိတ်ကြည်နူးချမ်းသာမှု၊ စိတ်သက်သာမှု၊ စိတ်နှစ်သိမ့်မှုရရှိစေဖို့ ဖျော်ဖြေမှုပေးဖို့ဆိုတဲ့ ဦးတည်ချက်သုံးရပ်နဲ့အညီ စီစဉ်ထုတ်လွှင့်လျက်ရှိ။

# ညောင်တုန်းမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မပရိယတ္တိစာတော်ပြန်ပွဲ ကျင်းပသွားမည်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မပရိယတ္တိ ပထမပြန်စာမေးပွဲအသင်းကြီးကို ၁၂၈၂ ခုနှစ်မှ ၁၂၈၄ ခုနှစ်အထိ သုံးနှစ်တိုင်တိုင် ဝိနည်းအာရုံပြန်ပွဲကို ဆင်ယင်ကျင်းပပြီး ၁၂၈၅ ခုနှစ်မှစတင်ကာ ၁၃၈၁ ခုနှစ် ကာလတိုင်အောင် (၉၇)ကြိမ်မြောက်အထိ အတန်းအသီးသီး ဆိုင်ရာတို့နှင့် အဆင့်ဆင့်သောသာသနာ့လုပ်ငန်းတို့အား အသင်းကြီး၏ ဦးစီးနာယကဆရာတော်ကြီးများ၏ ဩဝါဒအဆုံးအမဖြင့် အကျိုးတော်ဆောင်အဖွဲ့တို့က လက်ဆင့်ကမ်းစွမ်းဆောင်နိုင်ခဲ့သည်မှာ (၉၇)ကြိမ်တိုင် အောင်မြင်စွာ သာသနာပြု ဆောင်ရွက်နိုင်ခဲ့သည်။

ဤအသင်းကြီး၏ရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာ တည်တံ့တိုးပွားစေရန်၊ ဗုဒ္ဓသာသနာ့အာဇာနည်၊ ပညာတတ်အကျော်အမော်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန်နှင့် ဗုဒ္ဓဘာသာဝင်တို့ ပါရမီကုသိုလ်ထူးများ ရရှိပွားများစေရန်တို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ယခုနှစ် ၁၃၈၂ ခုနှစ်(၉၈) ကြိမ်မြောက် ရာပြည့်အကြို မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မပရိယတ္တိပထမပြန်စာမေးပွဲအသင်းကြီးကို ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် နှစ်စဉ်ကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ စာတော်ပြန်ပွဲကိုသာ အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။

ညောင်တုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ အတန်းအသီးသီးတွင် ဝင်ရောက်ဖြေဆိုတော်မူကြသော စာဖြေသံဃာ (၇၅) ပါးတို့သည် အမှတ်(၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မဟာဓမ္မဒီပိကာရုံ ဈေးဓမ္မာရုံတန်ဆောင်းတော်ကြီးတွင် ၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၉ ရက်မှ တပို့တွဲလပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် ဖြေဆိုတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စီမံဆောင်ရွက်ပေးလျက်ရှိ**

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၆၂၄၂ ဦး၊ အတွင်းလူနာ ၂၆၉၃ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၆၄ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၃၅ ဦး စုစုပေါင်း ၃၉၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၆၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၃၀ ကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၃၉၁ ဦးကို မွေးဖွားနိုင်ခဲ့သည်။

**လွှဲပြောင်းကုသမှုခံယူ**

တိုင်းရင်းသား ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။



ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံများအတွက် အလှူငွေများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၂၀ မှ

ဆရာဦးခင်ဇော်ဟာ မြန်မာ့အနုပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး မြန်မာ့အသံမှာ မြန်မာ့အသွင်၊ မြန်မာ့သဏ္ဌာန်၊ မြန်မာ့ဟန်တွေပါတဲ့ အစီအစဉ်ကဏ္ဍတွေကို တီထွင်ထုတ်လွှင့်ခဲ့ပါတယ်။ ဆရာဦးခင်ဇော်လက်ထက်မှာ ဗမာ့အသံဆိုတဲ့ နာမည်စတင်ပေါ်ပေါက်ခဲ့ချိန်ကစပြီး မြန်မာတိုင်းရင်းသားသောတရှင်တွေရဲ့အကျိုးကို ရှေးရှုထုတ်လွှင့်နိုင်ခဲ့ပါတယ်။

**အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်လွှင့်**

ဗမာ့အသံ စတင်ပေါ်ပေါက်လာတဲ့ ၁၉၄၆ ခုနှစ်ကစပြီး အစီအစဉ်သစ်တွေ တီထွင်ထုတ်လွှင့်ပြီး ဝန်ထမ်းတွေကိုလည်း လိုအပ်သလို ခန့်ထားခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ပင်လုံသတင်းဦး၊ သတင်းထူးကိုလည်း ထူးခြားစွာကြိုတင်စောစီးစွာ ပြန်ကြားနိုင်ခဲ့ပါတယ်။ ဗမာ့အသံ စာစောင်တွေကိုလည်း အခမဲ့ဖြန့်ဝေနိုင်ခဲ့ပါတယ်။ အသံလွှင့်စက်မှုလုပ်ငန်းလည်းတိုးတက်လာတယ်။ ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကျဆုံးတဲ့သတင်းကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ခဲ့တယ်။

ဒီလိုထုတ်လွှင့်တဲ့အခါ နောက်ဆုံးထုတ်ပြန်တဲ့သတင်းကို ပြည်သူတို့ ရင်တထိတ်ထိတ်နဲ့ နားစွင့်နေကြရပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ ည ၇ နာရီ ၁၅ မိနစ်မှာ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)က လောင်းဝစ္စလမ်းရှိ ဗမာ့အသံက အင်္ဂလိပ်ဘာသာနဲ့ အသံလွှင့်ပြောကြားခဲ့တဲ့ အသံလွှင့်ချက်ကို မြန်မာဘာသာပြန်ဆိုပြီး ဦးကျော်ညိန်းက ဖတ်ကြားအသံလွှင့်ခဲ့ပါတယ်။ မြန်မာ့လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။

**ဝင်ဒါမီယာအသံလွှင့်ရုံ**

လွတ်လပ်ရေးရပြီးနောက် ပြန်လည်ထူထောင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ သောင်းကျန်းမှုနှိမ်နင်းရေးလုပ်ငန်းတွေမှာ ထိရောက်တဲ့သတင်းပေးဖို့ တာဝန်ရှိလာပါတယ်။ ဒါ့ကြောင့် လက်ရှိအသံလွှင့်ရုံထက် ပိုကျယ်ပြီး လုံခြုံတဲ့ဝင်ဒါမီယာအသံလွှင့်ရုံကို ၁၉၄၈ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့မှာ ပြောင်းရွှေ့အသံလွှင့်ခဲ့ပါတယ်။

အဲဒီအချိန်မှာ ရေကူးအသံလွှင့်စက်ရုံနဲ့ ပြည်လမ်းအသံလွှင့်ရုံသစ်တည်ဆောက်ရေးစီမံချက် စတင်ပါတယ်။ အဲဒီအချိန်မှာ တပ်မတော်အသံနဲ့ အခြားအစီအစဉ်အသစ်တွေ တိုးချဲ့ထုတ်လွှင့်ခဲ့ပါတယ်။ သတင်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ပြန်ကြားပေးနိုင်ခဲ့ပါတယ်။

ဘောလုံးပွဲတိုက်ရိုက်အသံလွှင့်တာ၊ ပြည်လမ်း အသံလွှင့်ရုံသစ် စတင်တည်ဆောက်တာ၊ ဆဋ္ဌသင်္ဂါယနာပွဲကြီးမှ အမေး၊ အဖြေတွေ အသံလွှင့်ပေးတာ၊ ရေကူးအသံလွှင့်စက်ရုံသစ်ကြီး စတင်တည်ဆောက်တာ၊ ရေကူးအသံလွှင့်စက်ရုံကို ပြန်ကြားရေးဝန်ကြီး ဖွင့်လှစ်ပေးတာ၊ ပါလီမန်လွှတ်တော်က တိုက်ရိုက်အသံလွှင့်တာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း အိမ်စောင့်အစိုးရလက်ထက်မှာ ဗမာ့အသံကို မြန်မာ့အသံအမည်သို့ စတင်ပြောင်းလဲအသံလွှင့်ခဲ့ပါတယ်။ ရေကူးအသံလွှင့်စက်ရုံမှ တွဲဖက်အစီအစဉ်ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ တွဲဖက်အစဉ်ကနေ ရွှေမန်းတင်မောင်ရဲ့ ဗုဒ္ဓဝင်ဇာတ်ထုပ် သုံးထုပ်ကို ရေကူးအသံလွှင့်စက်ရုံမှာ အသံသွင်းပြီး ပြန်လည်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဝန်ကြီးချုပ် ဦးနုရေးတဲ့ လူထုအောင်သံဇာတ်လမ်းကိုလည်း ထုတ်လွှင့်ခဲ့ပါတယ်။ သောတရှင်မဂ္ဂဇင်းကိုလည်း စတင်ထုတ်ဝေနိုင်ခဲ့တယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေကိုလည်း အသံလွှင့်ခွင့်ပြုခဲ့တယ်။

**ပြည်လမ်းအသံလွှင့်ရုံသစ်ကြီး**

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလမှာ ပြည်လမ်းအသံလွှင့်ရုံသစ်ကြီး တည်ဆောက်ပြီးစီးသွားပြီ ဖြစ်တယ်။ ကောဇာသက္ကရာဇ် ၁၃၂၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် သောကြာနေ့၊ ခရစ်နှစ်အားဖြင့် ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့၊ 'ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်း'လို့ ခေါ်ဆိုရမယ့် ခဝဲပန်းတို့ပွင့်ချိန်၊ ချမ်းတုံ့အေးစဆောင်းကာလဖြစ်ပါတယ်။ မင်္ဂလာရှိတဲ့ ဤနေ့ရက် ညနေ ၅ နာရီခွဲမှာ ပြည်လမ်းအသံလွှင့်ရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့တယ်။ အသံလွှင့်ရုံသစ်ကြီးကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက မိန့်ခွန်းပြောကြားပြီး ဖွင့်လှစ်ပေးခဲ့တယ်။

မြန်မာ့အသံ မူလအစီအစဉ်၊ ဒုတိယအစီအစဉ်၊ တိုင်းရင်းသားနဲ့ အင်္ဂလိပ်ပိုင်း အစီအစဉ် ကဏ္ဍအားလုံးကို အဲဒီနေ့ညက စတင်ပြီး ပြည်လမ်းအသံလွှင့်ရုံသစ်ကြီးက အသံလွှင့်ခဲ့တယ်။

၁၉၆၁ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ကစပြီး ဘင်ခရာတီးဝိုင်းနဲ့ အတီးသက်သက်သာတီးမှုတ်ထားတဲ့ နိုင်ငံတော်သီချင်းဓာတ်ပြားအသစ်ကို စတင်အသုံးပြုထုတ်လွှင့်ခဲ့တယ်။

**တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်အစီအစဉ်များ**

၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီရဲ့ မူဝါဒအရ မြန်မာ့အသံဟာလည်း တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်ကော်မတီဖွဲ့ပြီး အစီအစဉ်တွေကို ဦးစားပေးရှေ့တမ်းတင်ကာ အသံလွှင့်လာခဲ့တယ်။ 'ပြည်သူ့အတွက် မြန်မာ့အသံ' ဆိုတဲ့ ဆိုင်းဘုတ်ကြီးကိုလည်း မြန်မာ့အသံမှာ ချိတ်ဆွဲခဲ့ပါတယ်။

**မြန်မာ့ရုပ်မြင်သံကြား**

၁၉၄၆ ခုနှစ်က စတင်ခဲ့တဲ့ ဗမာ့အသံ (ခေါ်) မြန်မာ့အသံထုတ်လွှင့်ရေးနဲ့ လိုက်ပါလာတဲ့ လူထုဆက်သွယ်ရေးလုပ်ငန်းတစ်ရပ်ကတော့ဖြင့် မြန်မာ့ရုပ်မြင်သံကြားပဲဖြစ်ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားကို ၁၉၈၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့မှာ စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစပြီး ပုံမှန် စတင်ထုတ်လွှင့်ခဲ့ပါတယ်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ ဗမာ့အသံဆိုတဲ့အမည်နဲ့ ပေါ်ပေါက်လာခဲ့တဲ့ အခု မြန်မာ့အသံဟာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ (၇၅) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာ့အသံရဲ့ သက်တမ်း (၇၅) နှစ်အတွင်း ပြန်ကြားပေးရန်၊ ပညာပေးရန်နဲ့ ဖျော်ဖြေပေးရန်ဆိုတဲ့ ဦးတည်ချက်သုံးရပ်နဲ့ ရေဒီယိုနဲ့ ရုပ်မြင်သံကြားကတစ်ဆင့် နေ့စဉ်ရက်ဆက်ပျက်ကွက်မှုမရှိ ပြည်သူကို အလုပ်အကျွေးပြုခဲ့ပါတယ်။

အခုအခါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ အစဉ်အလာကောင်းတွေကို ထိန်းသိမ်းကာ ဆန်းသစ်တီထွင်ပြီး ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်နေတာတွေ့ရပါတယ်။

သက်တမ်း (၇၅) နှစ်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ပြည်သူကို အကျိုးပြုနိုင်ခဲ့တာဟာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ပြည်သူတွေရဲ့ ထောက်ခံအားပေးမှုကြောင့် ဖြစ်ပါတယ် ခင်ဗျာ။ ။



# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်နယ်အတွင်းရှိ ကိစ္စအဝဝကို တာဝန်ယူထမ်းဆောင်နေပြီဖြစ်ကြောင်း၊ မည်သည့်အခက်အခဲကိုမဆို ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းများအနေဖြင့်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် အမှာစကားပြောကြားပြီး ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီးမျိုးမင်းနောင်က ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မောင်စော (ပြန်/ဆက်)**

# မံစီမြို့နယ် မန်ဝိန်းကြီး-ပန်ခမ်းနှင့် မန်ဝိန်းကြီး-နန့်ခါးပါ ကျေးရွာချင်းဆက်လမ်းများ ကတ္တရာခင်း

**မံစီ ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ် မံစီမြို့နယ် မန်ဝိန်းကြီး-ပန်ခမ်းနှင့် မန်ဝိန်းကြီး-နန့်ခါးပါ ကျေးရွာချင်းဆက်လမ်းများကို ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မန်ဝိန်းကြီး-ပန်ခမ်း ကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၈ ပေ၊ လမ်းပခုံးကွန်ကရစ် ဝဲယာ တစ်ပေစီပါဝင်သည့် ကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ မန်ဝိန်းကြီး-နန့်ခါးပါ ကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၈ ပေ၊ လမ်းပခုံးကွန်ကရစ် ဝဲ /ယာ တစ်ပေစီပါဝင်သည့် ကတ္တရာခင်းခြင်းနှင့် လမ်းဖောက်လုပ်မှုလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်နေမှုကို ဖေဖော်ဝါရီပထမပတ်က မြို့နယ်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

အဆိုပါကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် ရာသီမရွေး သွားလာနိုင်ရန်ရည်ရွယ်၍ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



# နွေဦးဈေးကွက်အတွက် မြက်ဖျာများရက်လုပ်



**စဉ့်ကိုင် ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မဲဇာရွာနှင့် သင်ကတုန်ရွာတွင် မြက်ဖျာရက်လုပ်သည့်လုပ်ငန်းဖြင့် တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေဖော်ဆောင်လျက်ရှိရာ နွေဦးရာသီတွင် မိုဘိုင်းစနစ်ဖြင့် ပိုမိုရောင်းချနိုင်ရန် အားထားလုပ်ဆောင်လျက်ရှိသည်။

မဲဇာရွာနှင့် သင်ကတုန်ရွာရှိ မိသားစုအများစုသည် တောင်သူလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ တောင်သူနားချိန်တွင် မြက်ဖျာများတွင်ကျယ်စွာ ရက်လုပ်ပြီး ဒေသအနှံ့ ဖြန့်ချိရောင်းချကြသည်။ မြက်ဖျာရက်လုပ်ရန်အတွက် အဓိကကုန်ကြမ်းမှာ ဒေသအခေါ် ဆီမီးတိုင်(ခေါ်) ရှင်မွေးလွန်းမြက်ကို အသုံးပြုကြရသည်။ မြက်ဖျာသည် နွေတွင်အေးပြီး ဆောင်းတွင်းပိုင်းတွင် နွေးသည့် သဘာဝခာတ်ရရှိသည်။

ယခင်က မြက်ဖျာရက်လုပ်ရာတွင် ကြိုးများကို သီးသန့်လွန်းကာ ရက်လုပ်သော်လည်း လက်ရှိကာလတွင် ပလတ်စတစ်ကြိုးကို အသုံးပြုကာ ရက်လုပ်ကြသည်။ လူတစ်ဦး တစ်နေ့လျှင် မြက်ဖျာခုနစ်ချပ်အထိပြီးစီးသည်။ မြက်ဖျာရက်လုပ်မှုတွင် အဆင်ဒီဇိုင်းလှပရန်အတွက် မြာဟုခေါ်သော မြက်ကို ချည်ဆိုးဆေးများဖြင့် အနီ၊ အစိမ်း၊ ခရမ်း၊ အပြာနှင့် အခြားအရောင်များဆိုးကာ တစ်ထွာခြားထည့်သွင်းရက်လုပ်ကာ အကွက်ဖော်လေ့ရှိသည်။ ဈေးကွက်တွင် ရောင်းချသော မြက်ဖျာများကို အလျားသုံးတောင်နှင့် တစ်ထွာ၊ အနံနှစ်တောင်အရွယ်အစား ရက်လုပ်ပြီး တန်းလျားခုံ၊ ထိုင်ခုံများခင်းရန်အတွက် သီးသန့်ရက်လုပ်ပေးခြင်းများလည်း ပြုလုပ်ပေးလျက်ရှိသည်။

မြက်ဖျာရက်လုပ်မှုတွင် ဆီမီးတိုင် (ခေါ်) ရှင်မွေးလွန်းမြက်ဖြင့် ရက်လုပ်သည့် မြက်ဖျာအကြမ်းနှင့် မြာမြက်ဖြင့်ရက်လုပ်သော မြက်ဖျာအနုဟူ၍ နှစ်မျိုးရက်လုပ်ရောင်းချကြသည်။ မြက်ဖျာအကြမ်းတစ်ချပ်လျှင် ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀ အထိ လက်ရာအလိုက် ဈေးအမျိုးမျိုးဖြင့် ရောင်းချကြသည်။ လက်ရှိကာလတွင် နွေဦးရာသီ မြက်ဖျာဈေးကွက်အတွက် အားထားရက်လုပ်လျက်ရှိကြောင်း သိရသည်။

**စိုးရွှေ (သရက်တန်း)**

# သန်လျင်၌ မိသားစုဝင်ငွေရရှိရေး တစ်ပိုင်တစ်နိုင် ပန်းဂေါ်ဖီများစိုက်ပျိုး

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာတွင် မိသားစုဝင်ငွေရရှိရေး တစ်ပိုင်တစ်နိုင် ပန်းဂေါ်ဖီများ စိုက်ပျိုးလျက်ရှိသည်။

"ကျွန်တော့်မိသားစုစားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ကိုင်တာ ၂၀၀၃ ခုနှစ်ထဲကပါ။ ပန်းဂေါ်ဖီ မြေဘောင်အားဖြင့် ၁၇ ဘောင်ရှိပြီး အပင်အားဖြင့် ၁၉၀၀ ကျော် စိုက်ပျိုးထားရှိပါတယ်။ ဒီနှစ်မှာ ကိုဗစ်-၁၉ ရောဂါဖြစ်တော့ ကြက်ခြံတွေနည်းသွားတယ်၊ ကြက်ချေးဝယ်ရတာ အရင်လို လိုသလောက်မရတော့ဘူး၊ နွားချေးလည်း အတူတူပါပဲ၊ စက်တွေနဲ့ လယ်တွေလုပ်ကိုင်လာကြတယ်၊ လယ်သမားတွေက နွားတွေ၊ ကျွဲတွေ မွေးတာနည်းသွားတယ်၊ အဲတော့ မြေဩဇာအတွက် အခက်အခဲရှိလာတာပေါ့၊ ဒီနှစ်တော့ ပန်းဂေါ်ဖီအထွက်နှုန်းကျပါတယ်၊ အရင်လို မြေဩဇာအပြည့် အဝမကျွေးနိုင်ဘူး၊ အပွင့်လည်းသေးသွားလို့ တစ်ပွင့်ဈေးနှုန်း ကျပ် ၃၀၀ နဲ့ ၅၀၀ ဝန်းကျင်လောက်ပဲ ရနိုင်မယ်ထင်ပါတယ်" ဟု ဦးဝင်းတင်က ပြောကြားသည်။

သန်လျင်မြို့နယ်အတွင်း မိသားစုတစ်ပိုင်တစ်နိုင် စားပင်သီးပင်များဖြစ်သော ဘူးပင်၊ ကန်စွန်းပင်၊ စပါးလင်ပင်၊ ငှက်ပျော်ပင်၊ ချဉ်ပေါင်ပင်၊ ပန်းဂေါ်ဖီနှင့် ပဲပင်များစိုက်ပျိုးလျက်ရှိပြီး နှစ်ရှည်ပင်များဖြစ်သော သရက်ပင်၊ အုန်းပင်၊ သီဟိုဠ်ပင်များကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# မယ်စဲ့မြို့နယ်၌ တစ်နိုင်တစ်ပိုင် ဂျုတ်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**မယ်စဲ့ ဖေဖော်ဝါရီ ၁၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် သီးညှပ်အဖြစ် တစ်နိုင်တစ်ပိုင် ဂျုတ်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း ဂျုတ်စိုက်တောင်သူများထံမှ သိရသည်။

"ဂျုတ်ကို နှမ်းကြဲတဲ့အချိန်မှာ ရောကြဲပြီး နှမ်းခုတ်ချိန်ရောက်တော့ ဂျုတ်ပင်တွေတက်လာပါတယ်။ ဒီဒေသက ဂျုတ်ကို မြေအောက်ရေနဲ့သာ အားထားစိုက်ပျိုးလေ့ရှိပါတယ်။ အခုပေါက်ဈေးကတော့ ဂျုတ်ခြောက် တစ်ပိဿာကို ကျပ် ၈၀၀၀၊ အညှာခြွေပြီးသားဆိုရင် ကျပ် ၉၅၀၀ နဲ့ရောင်းရပါတယ်" ဟု ဂျုတ်စိုက်တောင်သူတစ်ဦးက ပြောကြားသည်။

မယ်စဲ့မြို့နယ်မှထွက်ရှိသည့် ဂျုတ်ကို လွိုင်ကော်မြို့သို့ တင်ပို့ရောင်းချရပြီး ယခင်ကနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်ချိန်တွင် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရသဖြင့် ဈေးကောင်းရရှိကြောင်းနှင့် မိသားစုစားသုံးရန် သီးညှပ်အဖြစ် တစ်နိုင်တစ်ပိုင်စိုက်ပျိုးပြီး ပိုလျှံသောဂျုတ်ခြောက်ကို ရောင်းချရသဖြင့်လည်း မိသားစုအပိုဝင်ငွေရရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ကိုရိုနာဗိုင်းရပ်စ် (ခေါ်) ကိုဗစ်-၁၉ ရောဂါပိုးကာကွယ်ဆေးများ



ဒေါက်တာမနုရည်

### ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ကမ္ဘာတွင် စတင်ကူးစက်ပြန့်ပွားလာခြင်း

ကိုရိုနာဗိုင်းရပ်စ် (coronavirus) ရောဂါပိုးသည် အလွန်လျင်မြန်စွာဖြင့် တစ်ကမ္ဘာလုံးကို ဆိုးရွားစွာ တစ်မဟုတ်ချင်း ကူးစက်ပြန့်ပွားသွားခဲ့ပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့် အဘက်ဘက်မှ ဆုတ်ယုတ်ဆုံးရှုံး ပျက်စီးစေခဲ့သည်မှာ ယခုဆိုလျှင် တစ်နှစ်ကျော်လာခဲ့ပြီ ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူများနှင့်ပူးပေါင်း၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်မှုများပြုကာ ကူးစက်ပြန့်ပွားမှု၊ အသက်ဆုံးရှုံးမှုများ နည်းနိုင်သမျှနည်းစေရန်နှင့် အခြေအနေများကိုလည်း အတတ်နိုင်ဆုံး ဖန်တီးဆယ်တင်လာခဲ့ကြပါသည်။

တစ်ချိန်တည်းမှာပင် ဆေးပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း နေ့ညမနား ကာကွယ်ဆေးများနှင့် ကုသဆေးဝါးများကို အစွမ်းကုန် ကြိုးပမ်းဖော်ထုတ်လာခဲ့ကြပေသည်။

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO)" နှင့် အခြား ကျန်းမာရေးအဖွဲ့အစည်းများ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်း ဤရောဂါပိုး ကူးစက်မှုခံကြရသည့် လူဦးရေမှာ ၁၀၈ သန်းနီးပါးရှိ၍ သေဆုံးသူဦးရေ နှစ်သန်းနှင့်သုံးသိန်းကျော်ဖြစ်ပြီး ပြန်လည်ကျန်းမာလာကြသူဦးရေမှာ ၇၈ သန်းခန့်ရှိသည်ဟု သိရပါသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း၌ တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွား၍ မည်သို့မည်ပုံ ဖြစ်ပွားခဲ့သည်ကိုမူ အတည်ပြုလက်ခံထားခြင်း တစ်စုံတစ်ရာမရှိသေးပါချေ။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် "ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)" က ကမ္ဘာ့ကျန်းမာရေး အရေးပေါ်အခြေအနေကို စတင်ကြေညာခဲ့ပါသည်။ ကမ္ဘာ့သမိုင်းတွင် ဆဋ္ဌမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူထုကျန်းမာရေး အရေးပေါ်ကူးစက်ပြန့်ပွားနိုင်မှု စိုးရိမ်ရသည့်အခြေအနေ ကြေညာချက်ပင် ဖြစ်ပေသည်။

ကမ္ဘာကို အသိပေးကြေညာချက်များအရ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရခြင်းကြောင့် ကမ္ဘာ့ပထမဆုံး၊ ဒုတိယနှင့် တတိယ သေဆုံးမှုများအဖြစ် အမေရိကန်နိုင်ငံမှစတင်၍ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ တစ်လအတွင်း လေးဦး အသက်ဆုံးရှုံးခဲ့ရပါသည်။

### မြန်မာနိုင်ငံတွင် စတင်သုံးစွဲနေပြီဖြစ်သော ကိုရိုနာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေး

မြန်မာနိုင်ငံတွင် စတင်သုံးစွဲနေပြီဖြစ်သော ကိုရိုနာဗိုင်းရပ်စ်ပိုးကာကွယ်ဆေးမှာ Covishield ခေါ် Oxford–AstraZeneca ဖြစ်သည်။ ဤကာကွယ်ဆေးသည် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပထမဆုံးအသုတ်အဖြစ် အခမဲ့ ပေးပို့လှူဒါန်းရောက်ရှိလာပြီးနောက် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှာပင် ဆေးများကို စတင်၍ ထိုးပေးနေပေပြီ။

၂၀၂၁ ခုနှစ် ဇန်နဝါရီလလယ်ပိုင်းလောက်တွင် အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ ပြည်တွင်းထုတ် Covishield နှင့် Covaxin ဟုခေါ်သော ကိုရိုနာဗိုင်းရပ်စ်ပိုးကာကွယ်ဆေးများကို တွင်ကျယ်လှစွာပင် ထုတ်လုပ်နိုင်ပြီး စတင်သုံးစွဲလာခဲ့ကြသည်။ အိန္ဒိယနိုင်ငံသည် ဤရောဂါပိုး ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုများ၌ ကမ္ဘာ့အဆိုးရွားဆုံးဖြစ်ပွားသည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပေသည်။ အိန္ဒိယနိုင်ငံသည် ကာကွယ်ဆေးများ ထုတ်လုပ်သည်နှင့် စပ်လျဉ်း၍ နာမည်ကောင်းရရှိထားသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအတွက်သာမက အိမ်နီးချင်းနိုင်ငံများအတွက်ပါ လောက်ငအောင် အခမဲ့ဝေငှပေးနိုင်ရန် တွက်ချက်ထုတ်လုပ်ပြီး ချစ်ကြည်ရင်းနှီးမှုကို ရှေးရှုကာ မေတ္တာဖြင့် ဝေငှပေးခြင်းသည် ကျေးဇူးတင်ဂုဏ်ယူဖွယ်ဖြစ်လေသည်။

အိန္ဒိယနိုင်ငံတွင် ဤကာကွယ်ဆေးကို ထုတ်လုပ်၍ ပြည်တွင်း၌ စတင်သုံးစွဲကြပြီး ရက်သတ္တ တစ်ပတ်ပင် မကြာမြင့်မီ ၎င်း၏ အိမ်နီးချင်းနိုင်ငံများသို့ ဆေးအလုံးပေါင်းများစွာကို အခမဲ့ကုသိုလ်ဖြစ် ပေးပို့လှူဒါန်းခဲ့လေသည်။ ဆက်တိုက်ပင် မြန်မာနိုင်ငံအပါအဝင် ကျန်အိမ်နီးချင်းနိုင်ငံများသို့ ပေးပို့လှူဒါန်းခဲ့လေသည်။ ဤကာကွယ်ဆေးကို အခမဲ့ရရှိကြသည့်နိုင်ငံများမှာ ပထမဆုံးအသုတ်တွင် ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်နှင့် မော်လ်ဒိုက်တို့ဖြစ်ကြ၍ ကာကွယ်ဆေးအလုံးပေါင်း ၃ ဒသမ ၂ သန်းကို ယခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပို့ပေးခဲ့ပြီး ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် မောရစ်ရှ်၊ မြန်မာ၊ ဆီးရှဲလ်စ် (Seyshelles) နိုင်ငံများ၊ ပြီးနောက် သီရိလင်္ကာနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သို့ ပို့ဆောင်လှူဒါန်းခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဘရာဇီးလ်နိုင်ငံနှင့် အချို့နိုင်ငံများသို့ ရောင်းချရန် အစီအစဉ်ရှိသည်ဟုလည်းသိရပါသည်။

### (၁) Covishield / Oxford–AstraZeneca ကိုဗီးရှီးလ်ဒ် ခေါ် ကိုရိုနာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေး







ဤကာကွယ်ဆေး၏ မူလမှာ အောက်စ်ဖို့ဒ်-အက်စ်ထရာဇဲနကာဖြစ်၍ ဗြိတိန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ်မှ စမ်းသပ်ပြုလုပ်အောင်မြင်ပြီး အက်စ်ထရာဇဲနကာ ဆေးကုမ္ပဏီမှ အောက်စ်ဖို့ဒ်-အက်စ်ထရာဇဲနကာ အမည်ဖြင့် ထုတ်လုပ်ကာ အနောက်နိုင်ငံနှင့် ဥရောပနိုင်ငံများတွင် ဦးစွာစတင်သုံးစွဲလာခဲ့ကြပြီးဖြစ်ပေသည်။ ၎င်းကာကွယ်ဆေးကို ယခု အိန္ဒိယနိုင်ငံမှ ကမ္ဘာ့အကြီးဆုံးကာကွယ်ဆေး ထုတ်လုပ်သည့်စက်ရုံကြီးက ကိုဗီးရှီးလ်ဒ်အမည်ဖြင့် ထွက်နှုန်းမြင့်မားတွင်ကျယ်စွာ ထုတ်လုပ်နေပေသည်။

ဤကာကွယ်ဆေးသည် ချင်ပန်ဇီမျောက်များမှ ရယူထားသော အဒီနိုဗိုင်းရပ်စ် (adenovirus) ခေါ် အအေးမိခြင်းကြောင့်ရရှိသော ပိုးတစ်မျိုးကို နှိပ်ကွပ်၍ စွမ်းအားလျော့နည်းစေပြီးမှ အသုံးပြုထုတ်လုပ်ထားပါသည်။ ၎င်းပိုးကို ကိုရိုနာဗိုင်းရပ်စ်ပိုးကဲ့သို့ဖြစ်အောင် ပြုပြင်လိုက်သော်လည်း နာမကျန်းဖြစ်စေနိုင်စွမ်းမရှိဟု ဆိုပါသည်။

ဆေး၏ ကာကွယ်နိုင်စွမ်း အာနိသင်အပြည့်အဝ ရစေရန် ဤကာကွယ်ဆေးကို နှစ်ကြိမ်ထိုးရန် လိုအပ်ပါသည်။ တစ်ကြိမ်နှင့်တစ်ကြိမ် ရက်သတ္တလေးပတ်မှ တစ်ဆယ့်နှစ်ပတ်ခြားရန် လိုပါသည်။ ဆေးကို သိုလှောင်သိမ်းဆည်းထားရန် သို့မဟုတ် ဆေးအာနိသင်တို့ကို မလျော့ပါး မပျက်စီးဘဲ တည်တံ့အောင် ထိန်းသိမ်းထားနိုင်စေရန် လိုအပ်သော အပူချိန်မှာ ၂ ဒီဂရီ ဆဲလ်ဆီးယပ်စ် မှ ၈ ဒီဂရီ ဆဲလ်ဆီးယပ်စ် (၃၆ ဒီဂရီ ဖာရင်ဟိုက်မှ ၄၆ ဒီဂရီ ဖာရင်ဟိုက်) ခန့်အတွင်း ဖြစ်ပါသည်။ ရေခဲသေတ္တာအပူချိန်သည် ၄ ဒီဂရီ ဆဲလ်ဆီးယပ်စ် ဖြစ်သည့်အတွက် လွယ်ကူစွာ သိုလှောင်သိမ်းဆည်းနိုင်ပေသည်။

ဤကာကွယ်ဆေးကို ထုတ်လုပ်သည့် စက်ရုံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကာကွယ်ဆေးထုတ်စက်ရုံဖြစ်သည့် ဆီရန်မ် အင်စတီကျူအော့ဖ် အင်ဒီးယား (Serum Institute of India) ဖြစ်ပြီး တစ်လလျှင် ကာကွယ်ဆေးအလုံးပေါင်း သန်း ၅၀ ထုတ်လုပ်နိုင်ရာ ၎င်းစက်ရုံ၏ ကာကွယ်ဆေးထုတ်လုပ်နိုင်မှု အတိုင်းအတာသည် ကမ္ဘာတွင် အမြင့်ဆုံး၊ တစ်နည်း ကမ္ဘာပေါ်တွင် သုံးစွဲနေကြသော ကာကွယ်ဆေးများ၏ ၆၀ ရာခိုင်နှုန်း ဖြစ်လေသည်။ အိန္ဒိယနိုင်ငံ၏ ဘီလီယံနှင့်ချီ၍ ချမ်းသာကြွယ်ဝသော အိန္ဒိယလူမျိုး သူဌေးကြီး အေဒါးရ် ပူးနာဝါးလား (Adar Poonawalla) နှင့် သူ၏မိသားစုပိုင် စက်ရုံလုပ်ငန်းတစ်ခုဖြစ်ပြီး ၎င်းတို့မိသားစုသည် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ယခုထက် ပိုမိုများပြားလျင်မြန်စွာ ထုတ်လုပ်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၅၀ ကို ယင်းထုတ်လုပ်ရေးတွင် ထပ်မံဖြည့်စွက်ပြီး ၂၀၂၁ ခုနှစ်အတွင်း ကာကွယ်ဆေးအလုံးပေါင်း တစ်ဘီလီယံ (သန်းပေါင်း တစ်ထောင်) ထုတ်လုပ်မည်ဟု သိရပါသည်။

### (၂) ကိုဗက်ခ်ဆင်းန် (Covaxin)

ယခုအခါတွင် အိန္ဒိယနိုင်ငံအတွင်း၌ သုံးစွဲနေကြပြီးဖြစ်သော အိန္ဒိယနိုင်ငံထုတ် ကိုရိုနာဗိုင်းရပ်စ်ပိုးကာကွယ်ဆေး နှစ်မျိုးအနက် ဒုတိယတစ်မျိုးမှာ ကိုဗက်ခ်ဆင်းန် ဖြစ်သည်။ ဤဆေးကို အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘာဒ်မြို့ (Hyderabad)ရှိ ဘာရတ်ထ် ဘိုင်အိုတက်ခ် အပြည်ပြည်ဆိုင်ရာ လီမိတက် (Bharat Biotech International Ltd) က ထုတ်လုပ်သည်။

ကိုဗက်ခ်ဆင်းန်ကာကွယ်ဆေးကို ပြီးပြည့်စုံအောင် နှစ်ကြိမ်ထိုးရန် လိုအပ်ပြီး တစ်ကြိမ်နှင့်တစ်ကြိမ် ရက်သတ္တ လေးပတ်ခြားရန် ဖြစ်ပါသည်။ ဆေးကို သိုလှောင်သိမ်းဆည်းထားရန် လိုအပ်သည့်အပူချိန်မှာ ကိုဗီးရှီးလ်ဒ်ကဲ့သို့ပင် ၂ ဒီဂရီ ဆဲလ်ဆီးယပ်စ်မှ ၈ ဒီဂရီ ဆဲလ်ဆီးယပ်စ် (၃၆ ဒီဂရီ ဖာရင်ဟိုက် မှ ၄၆ ဒီဂရီ ဖာရင်ဟိုက်) ခန့်အတွင်းဖြစ်သည်။

ဤကာကွယ်ဆေးသည် ကိုရိုနာဗိုင်းရပ်စ်ပိုးကို သတ်ပြီး သုံးထားခြင်းဖြစ်သည်။ ဤသို့ဖြင့် ပိုးသည် ပြန့်ပွားနိုင်စွမ်း မရှိတော့သော်လည်း မူလပကတိအတိုင်း တည်ရှိနေခြင်းဖြင့် ပြင်ပမှ အသက်ရှိ မျိုးတူပိုးများကို ခုခံကာကွယ်နိုင်စွမ်းရှိသည်ဟု ဆိုပါသည်။

ဤကာကွယ်ဆေးထုတ်လုပ်သည့် စက်ရုံသည် ကာကွယ်ဆေးပေါင်း ၁၆ မျိုးခန့်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံတို့သို့ ပို့ဆောင်ဖြန့်ချိပေးလျက်ရှိသည်။ ယခုအခါ အိန္ဒိယနိုင်ငံတွင် လူဦးရေ လေးသိန်းကျော်သည် ဤကာကွယ်ဆေးကို ထိုးပြီးကြလေပြီ။ ၎င်းတို့အနက် လူဦးရေ ၅၈၀ ခန့်သည် ဤကာကွယ်ဆေးကြောင့်ဖြစ်တတ်သော လက္ခဏာများကို ခံစားကြရပြီး ၎င်းတို့အနက် အများစုမှာ ကိုယ်ပူချိန်တက်၍ ဖျားနာခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်းမျှလောက်သာဖြစ်ပြီး အပြင်းအထန် ခံစားရခြင်းမျိုးမရှိပေ။

ဤကုမ္ပဏီသည် ကာကွယ်ဆေးအလုံးပေါင်း သန်း ၂၀ လက်ဝယ်ရှိပြီး ယခုနှစ်ကုန်ခန့်တွင် ဆေးအလုံးပေါင်း သန်း ၇၀၀ ခန့်ကို အိန္ဒိယနိုင်ငံ၏ မြို့ကြီးနှစ်မြို့ရှိ ကုမ္ပဏီပိုင် စက်ရုံလေးခုတို့မှ ထုတ်လုပ်ပြီးဖြစ်စေရန် ရည်ရွယ်ထားသည်။

### အခြား စတင်သုံးစွဲနေကြပြီဖြစ်သော ကိုရိုနာဗိုင်းရပ်စ်ပိုးကာကွယ်ဆေးများ

ယနေ့ ကမ္ဘာတွင် သုံးစွဲနေသော ကာကွယ်ဆေးများမှာ ဆွေးနွေးခဲ့ပြီးသော အိန္ဒိယနိုင်ငံထုတ် ကာကွယ်ဆေးနှစ်မျိုးအပြင် နောက်ထပ် သုံးမျိုးခန့်ရှိပါသည်။ ကမ္ဘာ့ကူးစက်မှုနှင့် သေဆုံးမှု အများဆုံးနိုင်ငံများဖြစ်ကြသည့် ဥရောပနိုင်ငံများနှင့် အနောက်နိုင်ငံအချို့တို့သည် အဆိုပါ ကာကွယ်ဆေးများကို ပထမဦးစွာ စတင်သုံးစွဲလာခဲ့ကြသောနိုင်ငံများ ဖြစ်ကြသည်။ ယင်းကာကွယ်ဆေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

### (၃) ဖိုင်ဇာ–ဘိုင်အိုအင်န်တက်ခ် (Pfizer–BioNTech) (ကုဒ်အမည် code name BNT162b2)

ဖိုင်ဇာ (Pfizer) ခေါ် အမေရိကန်ကုမ္ပဏီနှင့် ဘိုင်အိုအင်န်တက်ခ် (BioNTech )ခေါ် ဂျာမန်ကုမ္ပဏီတစ်ခုတို့ ပူးပေါင်းထုတ်လုပ်ကြသည်။ ကာကွယ်ဆေးများကို ဘိုင်အိုအင်န်တက်ခ်ကုမ္ပဏီပိုင် ဘယ်လ်ဂျီယံနိုင်ငံရှိ စက်ရုံတွင် ထုတ်လုပ်ပါသည်။ အသက် ၁၆ နှစ်နှင့် အထက်တို့အတွက် သုံးစွဲရန် အကြံပြုထားသည်။ အကျိုးသက်ရောက်မှု၊ တစ်နည်းအားဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုကို ကာကွယ်နိုင်စွမ်းရည် ၉၅ ရာခိုင်နှုန်း ဖြစ်သည်။ သိုလှောင်သိမ်းဆည်းရန် အပူချိန်မှာ အအေးလွန်အခြေအနေ –၇၀ ဒီဂရီ ဆဲလ်ဆီးယပ်စ် (–၉၄ ဒီဂရီ ဖာရင်ဟိုက်) ခန့်ဖြစ်ပြီး ရေခဲသေတ္တာတွင် ငါးရက်ကြာထားနိုင်ပါသည်။ ဆေးကို ၂၁ ရက်ခြားပြီး နှစ်ကြိမ်ထိုးရန် ဖြစ်ပါသည်။

### (၄) မိုဒါနာ (Moderna) (ကုဒ်အမည် mRNA–1273)

ဤကာကွယ်ဆေးကိုလည်း အမေရိကန်ကုမ္ပဏီကပင် ထုတ်လုပ်ပါသည်။ ၁၈ နှစ်နှင့်အထက်တို့ သုံးစွဲနိုင်ကြောင်း အကြံပြုထားသည်။ ထိရောက်စွာကာကွယ်နိုင်စွမ်းမှာ ၉၂ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းရှိသည်ဟုဆိုပါသည်။ သိုလှောင်သိမ်းဆည်းရန် အပူချိန် –၂၀ ဒီဂရီ ဆဲလ်ဆီးယပ်စ် (–၄ ဒီဂရီ ဖာရင်ဟိုက်)တွင် ခြောက်လကြာထားနိုင်ပြီး ရေခဲသေတ္တာတွင် ရက် ၃၀ ကြာနှင့် အခန်းအပူချိန်တွင် ၁၂ နာရီကြာ ထားနိုင်သည်။ ဤအချက်တွင် ဖိုင်ဇာ–ဘိုင်အိုတက်ခ်ထက် ပို၍ ကိုင်တွယ်ထားသိုရန် လွယ်ကူပါသည်။ ဤဆေးကို နှစ်ကြိမ်ထိုးရန်နှင့် တစ်ကြိမ်နှင့် တစ်ကြိမ် ၂၈ ရက်မှ ၄၂ ရက်အထိ ခြားရန်လိုအပ်ပါသည်။

စာမျက်နှာ ၂၄ သို့■

**အိန္ဒိယနိုင်ငံအတွင်း၌ သုံးစွဲနေကြပြီးဖြစ်သော အိန္ဒိယနိုင်ငံထုတ် ကိုရိုနာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေးနှစ်မျိုးအနက် ဒုတိယတစ်မျိုးမှာ ကိုဗက်ခ်ဆင်းန်ဖြစ်သည်။ ဤကာကွယ်ဆေးသည် ကိုရိုနာဗိုင်းရပ်စ်ပိုးကိုသတ်ပြီး သုံးထားခြင်းဖြစ်သည်။ ဤသို့ဖြင့် ပိုးသည် ပြန့်ပွားနိုင်စွမ်း မရှိတော့သော်လည်း မူလပကတိအတိုင်း တည်ရှိနေခြင်းဖြင့် ပြင်ပမှ အသက်ရှိ မျိုးတူပိုးများကို ခုခံကာကွယ်နိုင်စွမ်းရှိသည်ဟုဆိုပါသည်။**

■ စာမျက်နှာ ၂၃ မှ

သွေးတိုးရောဂါ၊ ဆီးချို၊ ရင်ကျပ်၊ အဆုတ်နှင့်ပတ်သက်သော၊ အသည်း၊ ကျောက်ကပ်ဆိုင်ရာ ရောဂါသည်များအပြင် နာတာရှည်ရောဂါသည်များလည်း သုံးစွဲနိုင်သည်ဟု ဆိုပါသည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက်မူ ဤရောဂါပိုး ကူးစက်ခံရနိုင်ရန် သာမန်လူများထက် ပိုမိုလွယ်ကူကြသည်မှန်သော်လည်း ၎င်းတို့နှင့် နို့တိုက်မိခင်များအတွက် သုံးစွဲရန် အကြံမပြုပါချေ။ သို့စေကာမူ ၎င်းတို့သည် ကျန်းမာရေးဝန်ထမ်းများ ဖြစ်ခဲ့ပါလျှင် သုံးစွဲလိုပါက သုံးစွဲနိုင်သည်ဟုဆိုပါသည်။ ဤတွင် နို့တိုက်မိခင်များသည် ဆေးထိုးခံပြီးနောက်တွင်မူကား ကလေးငယ်များကို ဆက်လက်၍ နို့ချိုတိုက်ကျွေးခြင်း မပြုသင့်ဟုဆိုပါသည်။

HIV ဟုခေါ်သော Human Immunodeficiency Virus နှင့် AIDS ခေါ် Acquired Immunodeficiency Syndrome ရောဂါပိုးများ ကူးစက်ခံထားရသည့် လူနာများသည် ကိုယ်ခံအား ကျဆင်းနည်းပါးနေမှုကြောင့် ဤရောဂါပိုး ကူးစက်ခံရနိုင်ရန် သာမန် ကျန်းမာနေသူများထက် ပိုမိုလွယ်ကူသည့်အတွက် ယင်းရောဂါနှင့်ပတ်သက်သော ဆေးဝါးများကို မှီဝဲနေချိန်တွင်ပင် သုံးစွဲနိုင်သည်။ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရပြီး ပြန်လည်၍ ကောင်းမွန်လာသောသူများ သုံးစွဲနိုင်သော်လည်း ဆားစ် စီအိုဗွီ ၂ (SARS–CoV–2) ပိုး ကူးစက်မှုခံထားရပြီး ပြန်လည်ကောင်းမွန်လာသောသူများအတွက်မူ ခြောက်လအထိကြာပြီးနောက်မှ သုံးစွဲရမည် ဖြစ်ပါသည်။

**(၅) အောက်စ်ဖို့ဒ်–အက်စ်ထရာဇဲနကာ (Oxford–AstraZeneca) (ကုဒ်အမည် code name AZD1222)**

ဆွေးနွေးခဲ့ပြီးသည့်အတိုင်းဗြိတိန်နိုင်ငံ အောက်စ်ဖို့ဒ် တက္ကသိုလ် (Oxford University) က တီထွင်စမ်းသပ်မှုများ ပြုလုပ်အောင်မြင်ပြီး အက်စ်ထရာဇဲနကာ (AstraZeneca) ဆေးကုမ္ပဏီက အောက်စ်ဖို့ဒ်–အက်စ်ထရာဇဲနကာ အမည်ဖြင့် ထုတ်လုပ်ဖြန့်ချိပါသည်။ ဤကာကွယ်ဆေးကို အိန္ဒိယနိုင်ငံတွင် ကိုဗီးရှီးလ်ဒ် အမည်ဖြင့် ထုတ်လုပ်သုံးစွဲနေကြပြီဖြစ်ရာ ကိုဗီးရှီးလ်ဒ် ခေါင်းစဉ်အောက်တွင် ဆွေးနွေးပြီးသည့်အတိုင်း ထုတ်လုပ်သည့် မူလကာကွယ်ပေးမည့်ပိုးနှင့် အခြေခံသတင်းအချက်အလက်များမှာ အလားတူပင် ဖြစ်ကြပါသည်။

အသက် ၆၅ နှစ်နှင့် အထက် လူကြီးများအတွက် ထိရောက်မှု မရှိလှပါဟု ပြောဆိုဝေဖန်ကြခြင်းကို ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် (Boris Johnson) နှင့် ဤဆေးကို ပူးတွဲထုတ်လုပ်သူများဖြစ်သည့် အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် အက်စ်ထရာဇဲနကာကုမ္ပဏီတို့ကမူ ဤအချက်ကို ငြင်းပယ် လက်မခံကြပေ။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဂျာမနီနိုင်ငံမှ ကြေညာသည်မှာ ၎င်းနိုင်ငံတွင် ဤကာကွယ်ဆေးကို အသက် ၆၅ နှစ်အောက်အရွယ်ရောက်သူများကိုသာလျှင် ထိုးပေးမည်ဟူ၍ ဖြစ်ပါသည်။ အသက် ၆၅ နှစ်နှင့်အထက် လူကြီးများအတွက် ထိရောက်စွာ ကာကွယ်ခြင်းမပြုနိုင်ဟု ဆိုပါသည်။ ဤကြေညာချက်သည် ဆေးကို လူအများအား ဆေးထိုးနှံ၍ စမ်းသပ်ပြီး လက်တွေ့ရလဒ်များမှ မှတ်ချက်ချကာ ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။ ယင်းနေ့တွင်ပင် ဩစတြေးလျနိုင်ငံကလည်း ၎င်းဆေးကို အသက် ၆၅ နှစ်နှင့် အထက် လူကြီးများအတွက် သုံးစွဲခြင်းမပြုသေးဟု ဆိုပါသည်။

**လက်ခံအတည်ပြုချက် ရယူစောင့်ဆိုင်းနေဆဲ ကိုရိုနာဗိုင်းရပ်စ်ပိုးကာကွယ်ဆေးများ**

နယ်သာလန်နိုင်ငံရှိ ဂျွန်ဆင် အင်န် ဂျွန်ဆင် (Johnson & Johnson) ကုမ္ပဏီ၏ တစ်စိတ်တစ်ဒေသဖြစ်သော " Janssen ကာကွယ်ဆေးများ" နှင့် ဆေးပညာနှင့် ကုသဌာန (Beth Israel Deaconess Medical Centre – BIDMC) တို့ ပူးပေါင်းထုတ်လုပ်သည်။ ကမ္ဘာတွင် ပထမဆုံးတီထွင်ထုတ်လုပ်သော တစ်ကြိမ်သာလျှင်ထိုးရန်လိုအပ်သည့် ဆေးဖြစ်သည်။ ယခုအခါတွင် သက်ဆိုင်ရာ၏ လက်ခံအတည်ပြုချက်ကို ယခုရက်ပိုင်းအတွင်းကမှ ရရှိခြင်းကြောင့် ဖြန့်ချိမှုမပြုရသေးပါ။ အခြားသော အတည်ပြုချက် ရယူနေဆဲ ကာကွယ်ဆေးအချို့မှာ (၁)ဇိုင်ကိုဗ့်–ဒီ (ZyCov–D) သည် အိန္ဒိယနိုင်ငံရှိကုမ္ပဏီတစ်ခုမှ စမ်းသပ်ထုတ်လုပ်သည်။ (၂) အိပ်ချ်ဂျီစီအိုနိုင်တင်းန် (HGCO19) မှာ အိန္ဒိယနိုင်ငံရှိ ဆေးကုမ္ပဏီတစ်ခုနှင့် အမေရိကန်နိုင်ငံ ဆေးကောလိပ်တစ်ခုတို့ ပူးပေါင်းထုတ်လုပ်သည်။ (၃) နှာခေါင်းထဲသို့ နှာဝမှ ဖျန်းပေးသော ကာကွယ်ဆေးဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ ဘာရတ်ထ် ဘိုင်အိုတက်ခ် ဆေးကုမ္ပဏီက စမ်းသပ်ထုတ်လုပ်သော ဒုတိယမြောက် ကိုရိုနာဗိုင်းရပ်စ်ပိုးကာကွယ်ဆေးဖြစ်သည်။ (၄) သည် စပုတနစ်ခ် ဗွီ(The Sputnik V) အိန္ဒိယနိုင်ငံရှိ ဓာတ်ခွဲခန်းတစ်ခုနှင့် ရုရှားနိုင်ငံ ဆေးဘက်ဆိုင်ရာဌာနကြီးတစ်ခုတို့ ပူးတွဲထုတ်လုပ်သည်။ (၅) NOVAVAX အိန္ဒိယနိုင်ငံ ဆီရန်မ် အင်စတီကျုက ထုတ်လုပ်သော ဒုတိယမြောက် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးဖြစ်သည်။ အမေရိကန်ကာကွယ်ဆေးကုမ္ပဏီတစ်ခုနှင့် ပူးတွဲထုတ်လုပ်သည်။ (၆) ကိုဗက်စ် (COVAX) ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) နှင့် ကပ်ရောဂါ ကြိုတင်ပြင်ဆင်၍ တီထွင်မှုများကို ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့ (Coalition of the Epidemic Preparedness Innovations –CEPI) တို့ ပူးပေါင်း၍ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံး အခွင့်အရေးတန်းတူညီမျှဖြင့် ကာကွယ်ဆေးများ အလုံအလောက် ရရှိနိုင်ကြစေရန်ရည်သန်၍ ထုတ်လုပ်သည်ဟု ဆိုပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ကြေညာချက်အရ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးအသစ် ထပ်မံကူးစက်ခံရသူဦးရေသည် ဆက်တိုက်ကျဆင်းလာခဲ့သည်မှာ ရက်သတ္တသုံးပတ်ခန့်ရှိခဲ့လေပြီ။ ကာကွယ်ဆေးများ၏ ကျေးဇူးပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။

ယခုအချိန်အထိ သုံးစွဲထုတ်လုပ်လျက်ရှိသော ကာကွယ်ဆေးများသည် မည်မျှတာရှည်စွာ ကာကွယ်ထားနိုင်သည့် စွမ်းရည်ရှိသည်ကိုမူ အတိအကျအသေအချာ အကြံပြုထားခြင်း မတွေ့ရသေးပါ။ စောင့်ကြည့် စမ်းသပ်နေဆဲဟု ယူဆရပါသည်။

**ကာကွယ်ဆေးထိုးခြင်းကြောင့် ဖြစ်တတ်သော လက္ခဏာများ**

ဘာရတ်ထ် ဘိုင်အိုတက်ခ်ဆေးကုမ္ပဏီက ထုတ်ပြန်သော သတင်းအချက်အလက်များအရ ၎င်းမှ ထုတ်လုပ်သော ကိုဗက်ခ်ဆင်းန် (Covaxin) ကာကွယ်ဆေးကို အစားအသောက်များ၊ ဆေးဝါးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ပတ်ဝန်းကျင်အခြေအနေများ စသည်တို့နှင့် မတည့်တတ်ဘဲ ခန္ဓာကိုယ်မှ မလိုလားအပ်သော ပြန်လည်တုံ့ပြန်မှုများ ရရှိတတ်သူများ၊ ဖျားနာနေသူများ၊ သွေးလွန်၊ သွေးသွန်စသည့် သွေးနှင့်ပတ်သက်၍ ပုံမှန်အခြေအနေမဟုတ်သူများ၊ ကိုယ်ခံအားနည်းသူများ၊ ကိုယ်ခံအားနည်းစေနိုင်သည့် ဆေးဝါးများကို မှီဝဲနေသူများ၊ အခြားကာကွယ်ဆေးများနှင့် မတည့်သူများ စသည့် အမျိုးအစားအုပ်စုဝင်သူများ မသုံးသင့်ကြောင်း အကြံပြုထားပါသည်။ ထို့ပြင် ကိုယ်ဝန်ဆောင် မိခင်လောင်းများနှင့် နို့တိုက်မိခင်များ၊ အခြားသော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးထားပြီးသူများလည်း ကိုဗက်ခ်ဆင်းန် ကာကွယ်ဆေးကို မသုံးသင့်ဟု ညွှန်ကြားထားပါသည်။

ဤ ဘာရတ်ထ်ဘိုင်အိုတက်ခ်ဆေးကုမ္ပဏီ၏ အဆိုအရ ကိုဗက်ခ်ဆင်းန်ကာကွယ်ဆေးကို ထိုးနှံပြီးလျှင် ဖြစ်နိုင်ခြေရှိသော လက္ခဏာများမှာ နာကျင်ခြင်း၊ ရောင်ရမ်းခြင်း၊ ယားယံခြင်း၊ ကိုယ်ပူဖျားနာခြင်း၊ နေရထိုင်ရ မအီမသာခံစားရခြင်း၊ အားနည်းပြီး နုံးခြင်း၊ မကျန်းမမာခံစားရခြင်းတို့ဖြစ်သည်။ ပို၍ ပြင်းထန်သော လက္ခဏာများဖြစ်သည့် အသက်ရှူကျပ်ခြင်း၊ မျက်နှာနှင့်လည်ပင်း ရောင်ရမ်းခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ ခန္ဓာကိုယ်ပေါ်တွင် အဖုအပိန့်များ ထွက်ခြင်း၊ ခေါင်းမူးခြင်း၊ အားနည်းခြင်းတို့လည်း ဖြစ်နိုင်သည်ဟု သတိပေးထားပါသည်။ တစ်ဦးတစ်ယောက်တွင် ဤလက္ခဏာများအားလုံး ဖြစ်မည်ဟု မဆိုလိုပါ။ လူတိုင်းလည်း ဖြစ်ကြမည် မဟုတ်ပါ။

အကယ်စင်စစ် ဆွေးနွေးခဲ့သော လက္ခဏာများမှာ ဤကိုဗက်ခ်ဆင်းန် ကိုရိုနာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ အခြားသော မည်သည့်ကာကွယ်ဆေးများအတွက်မဆို ဤလက္ခဏာများမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လက္ခဏာများကို တွေ့ကြုံရနိုင်သည်ဟု မှတ်ယူရပေမည်။

ထုံးစံအားဖြင့် ကာကွယ်ဆေးများကို ထုတ်လုပ်သည့် နိုင်ငံများတွင် ရှေးဦးစွာ ဆေးကို ၎င်းနိုင်ငံတွင်း၌ လူဦးရေသန်းပေါင်းချီ၍ ထိုးနှံစမ်းသပ်ခဲ့ပြီးမှသာ အများပြည်သူအားလုံးနှင့် နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ပေးပို့ရောင်းချကြပါသည်။

**ကာကွယ်ဆေးများနှင့် ယေဘုယျအားဖြင့် သိသင့်သော အချက်အလက်များ**

**ရောဂါကာကွယ်ဆေး ဆိုသည်မှာ အဘယ်ပါနည်း**

ရောဂါကာကွယ်ဆေးသည် လူသတ္တဝါတို့ကို ရောဂါပိုးတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော အလားတူပိုးတို့ ကူးစက်ခံရခြင်းကြောင့် ရောဂါဘေးအန္တရာယ် ကျရောက်မလာစေရန် အရိုးရှင်းဆုံးသောနည်းဖြင့် အန္တရာယ်အနည်းဆုံးနှင့် အထိရောက်ဆုံး ကြိုတင်ကာကွယ်ပေးသည့်ဆေးဖြစ်သည်။ တစ်နည်းဆိုသော် ကာကွယ်ဆေးသည် ရောဂါပိုးတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသည့် အလားတူပိုးများ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာခဲ့သော် သို့မဟုတ် မိမိ၏ ပတ်ဝန်းကျင်တွင် ထိတွေ့ကြုံရလေသော် ခန္ဓာကိုယ်က ခုခံကာကွယ်နိုင်စေရန် သို့မဟုတ် ခံနိုင်ရည်ရှိစေရန် ပြင်ဆင်ပေးထားခြင်းဖြစ်သည်။ ခန္ဓာကိုယ်၏ သဘာဝခုခံနိုင်အားကို တည်ဆောက်ပြီးလျှင် ကိုယ်ခံအားကို ပိုမိုကောင်းမွန်လာစေရန် ကြိုတင်၍ မြှင့်တင်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်ကို လေ့ကျင့်ပေးထားခြင်းဖြစ်ပေသည်။

**တစ်နည်းဆိုသော် ကာကွယ်ဆေးသည် ရောဂါပိုးတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသည့် အလားတူပိုးများ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာခဲ့သော် သို့မဟုတ် မိမိ၏ပတ်ဝန်းကျင်တွင် ထိတွေ့ကြုံရလေသော် ခန္ဓာကိုယ်က ခုခံကာကွယ်နိုင်စေရန် သို့မဟုတ် ခံနိုင်ရည်ရှိစေရန် ပြင်ဆင်ပေးထားခြင်းဖြစ်သည်။ ခန္ဓာကိုယ်၏ သဘာဝခုခံနိုင်အားကို တည်ဆောက်ပြီးလျှင် ကိုယ်ခံအားကို ပိုမိုကောင်းမွန်လာစေရန် ကြိုတင်၍ မြှင့်တင်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်ကို လေ့ကျင့်ပေးထားခြင်းဖြစ်။**

ထိုသို့ ပြုလုပ်ရာတွင် သက်ဆိုင်ရာ ဗိုင်းရပ်စ်ပိုး၊ ဗက်တီးရီးယားပိုး စသည်တို့ကို အသွင်တစ်မျိုးမျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ရောပြီး အသုံးပြုကြသည်။ သတ်ထားသည့် အသွင်ဖြင့်သော်လည်းကောင်း၊ နိုပ်ကွပ်အားနည်းထားစေခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်၍ အသုံးပြုထားပါသည်။ အချို့လည်း နှစ်မျိုးရော၍ သုံးသည်များရှိလေသည်။ ဤသို့ သေနေသော်လည်း သို့မဟုတ် အားနည်းနေသော်လည်း ခန္ဓာကိုယ်တွင်း၌မူကား ကြိုတင်နေရာယူကာ ခန္ဓာကိုယ်ကို အမျိုးတူပိုး သို့မဟုတ် ဤပိုးအပြင် အလားတူပိုးများကိုပါ ရင်းနှီးကျင့်သားရထားစေရန် ဆောင်ရွက်ပေးနိုင်စွမ်းရှိကြသည်။ ဤတွင် ပြင်ပမှ ပိုးဝင်ရောက်သည့်အခါ၌ ကိုယ်ခံအားကောင်းပြီး ခုခံနိုင်စေရန် ခန္ဓာကိုယ်ကို ကြိုတင်ပြင်ဆင်၍ တည်ဆောက်ပေးထားနိုင်ကြသည်။ အကျိုးမှာမူကား အသုံးပြုထားသော ဤရောဂါပိုးများသည် အသတ်ခံ သို့မဟုတ် နိုပ်ကွပ်ခံထားရ၍ အားနည်းနေသော်ငြားလည်း ဤလိုအပ်ချက်များကိုမူ ပြည့်စုံအောင် ခန္ဓာကိုယ်အားကောင်းကျိုးအထောက်အပံ့ ပေးစွမ်းနိုင်သေးသည်။ သို့ရာတွင် ခန္ဓာကိုယ်ကိုမူ ရောဂါဘေးအန္တရာယ် ကျရောက်သည်အထိ မပြုနိုင်စွမ်းပေ။

ကာကွယ်ဆေးအများစုသည် ထိုးဆေးများ ဖြစ်ကြသော်လည်း အချို့ ကာကွယ်ဆေးများသည် သောက်ဆေး (oral) များဖြစ်ကြ၍ အချို့သည် နှာခေါင်းထဲသို့ နှာဝမှနေ၍ ဖျန်းသည့်ဆေး (nasal spray) များ ဖြစ်ကြသည်။

**ကိုရိုနာဗိုင်းရပ်စ် ရောဂါပျောက်ဆေး**

ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသော ဝေဒနာသည်ကို ရောဂါပျောက်ကင်းအောင် ကုသဆေးကို အစ္စရေးနိုင်ငံ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် တဲလာဗီးမြို့ရှိ တဲလာဗီးအီချီလို (ဆားရာ့စကီ) ဆေးရုံနှင့် ဆေးဘက်ဆိုင်ရာ ဗဟိုဌာန (Tel Aviv's Ichilov (Sourasky) Medical Center) မှ စမ်းသပ်ပြုလုပ် အောင်မြင်ပြီဖြစ်ရာ သုံးရက်မှငါးရက်အတွင်း ပျောက်ကင်းစေနိုင်သည်ဟုသိရပါသည်။

**ကာကွယ်ဆေးများတွင် မည်သည့်အရာများ ပါဝင်ပါသနည်း**

ယေဘုယျအားဖြင့် ကာကွယ်ဆေးများတွင် လေးမျိုးပါဝင်ကြပါသည်။ ဤလေးမျိုးတို့သည် တစ်မျိုးချင်းအနေဖြင့် သူ့ကဏ္ဍနှင့်သူ ဆေး၏ အာနိသင်ကို ထိရောက်ထက်မြက်စေသော်လည်း ခန္ဓာကိုယ်ကိုမူ ရောဂါအန္တရာယ် မကျရောက်စေရန် စီမံပြုလုပ်ထားပါသည်။ တစ်ချိန်တည်းမှာပင် ဆေးအာနိသင် မပျက်ပြယ်စေရန်နှင့် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သော အခြေအနေကို ထိန်းသိမ်းထားနိုင်ရန် အရေးပါသော ဆောင်ရွက်မှုများကိုပါ ပြုလုပ်ကြသည်။ ၎င်းပါဝင်ပစ္စည်း လေးမျိုးတို့မှာ–

(၁) ခန္ဓာကိုယ်ကို ရောဂါဘေးဥပဒ်အန္တရာယ် ကျရောက်စေနိုင်သော ရောဂါပိုးများ– အန်းတီဂျင်န် (antigen) ခေါ် ရောဂါပိုးများကို ဆိုခဲ့ပြီးသည့်အတိုင်း အသွင်တစ်မျိုးမျိုးဖြင့် တစ်နည်း အသက်ရှင်သန်နေသောပိုး သို့မဟုတ် ခန္ဓာကိုယ်ကို အန္တရာယ်ပြုနိုင်စွမ်းမဲ့သည်အထိ နိုပ်ကွပ်အားနည်းစေသော သို့မဟုတ် အသေသတ်ထား၍ ရှင်သန်မှုမရှိသဖြင့် ခန္ဓာကိုယ်ကို ရောဂါဘယမပေးနိုင်တော့သော ဗိုင်းရပ်စ်၊ ဗက်တီးရီးယား စသည့်ပိုးများကို အသုံးပြုထားလေသည်။ ၎င်းတို့ကို ခန္ဓာကိုယ်တွင်းသို့ ကြိုတင်ထည့်သွင်းပေးထားခြင်းဖြင့် ခန္ဓာကိုယ်မှ ကြိုတင်၍ အသိအမှတ်ပြုကာ ကျင့်သားရနေသည့်အားလျော်စွာ နောင်တွင်ဝင်ရောက် လာသော သို့မဟုတ် မိမိတို့ပတ်ဝန်းကျင်တွင် ကြုံတွေ့ရသော အလားတူပိုးများနှင့် အမျိုးတူပိုးများကို ခုခံကာကွယ်ဖျက်ဆီးပစ်နိုင်သည်။

(၂) ထိုသို့ ကျင့်သားရခုခံနိုင်စွမ်း ကိုယ်ခံအားဖြစ်ထွန်းလာသည့်ဖြစ်စဉ်ကို ပိုမိုအားကောင်းလာစေပြီး ဆေးအာနိသင် ပိုမိုထက်မြက်လာစေရန် ကူညီထောက်ပံ့ဖန်တီးပေးသော ဓာတုပစ္စည်းဒြပ်ပေါင်းများ ဒြပ်နှောများ (adjuvants)၊ ဥပမာ အလူမီနီယမ်သတ္တုပါသော ဒြပ်ပေါင်းများ၊ ရှုပ်ထွေးစွာ ရောနှောပေါင်းစပ်ထားသော မျိုးစိတ် (complex) ဥပမာ ပရိုတိန်းများ။

(၃) ဆေး၏အကျိုးအာနိသင် ဆုတ်ယုတ် လျော့ပါးပျက်ပြယ်ခြင်းမရှိစေရန်နှင့် တာရှည်တည်တံ့စေရန် ထိန်းသိမ်းထားနိုင်သော ဓာတုဆေးပစ္စည်းများ (preservatives) နှင့်

(၄) သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း၊ သိုလှောင်သိမ်းဆည်းရာတွင်လည်းကောင်း တည်တံ့မြဲမြံစေရန် ထောက်ပံ့ကူညီ ကာကွယ်ဆောင်ရွက်ပေးသော ဓာတုဆေးပစ္စည်း (stabilisers) တို့ဖြစ်ကြသည်။

စင်စစ်မူ ယခု ဆွေးနွေးခဲ့သော အချက်သုံးချက် (၂) မှ (၄)အထိ ဓာတ်ဆေးပစ္စည်းတို့သည် သက်ရှိလူသတ္တဝါတို့၏ ခန္ဓာကိုယ်နှင့် မရင်းနှီး အကျွမ်းမဝင်သော ပစ္စည်းများ၊ အရာများ မဟုတ်ကြပါပေ။ လူ၏ခန္ဓာကိုယ်တွင်း၌လည်းကောင်း၊ လူ့ပတ်ဝန်းကျင်နှင့် လူတို့ နေ့စဉ်စားသုံးလျက်ရှိသော အစားအစာများတွင်လည်းကောင်း သဘာဝအလျောက် ပါရှိပြီးသားဖြစ်ပေသည်။

**ကာကွယ်ဆေး၏ အကျိုးအာနိသင်ကို ခန္ဓာကိုယ်က ချက်ချင်း ရရှိပါသလား**

ကာကွယ်ဆေးများသည် ယေဘုယျအားဖြင့် ဆေးထိုးပြီးသည်နှင့်တစ်ပြိုင်နက် ရသင့်သည့် အကျိုးသက်ရောက်မှုများကို ခန္ဓာကိုယ်က အပြည့်အဝမရသေးပါ။ တစ်နည်းဆိုသော် ကာကွယ်ဆေးထိုးပြီးသည်နှင့် မိမိကိုယ်ကို ဤရောဂါပိုး ကူးစက်ခံရမည် မဟုတ်တော့ဟု မယူဆနိုင်သေးပါ။ အကြမ်းအားဖြင့် ဆေးမထိုးမီကာလ၊ ဆေးထိုးနေဆဲ (နှစ်ကြိမ်ထိုးလျှင် တစ်ကြိမ်နှင့် တစ်ကြိမ် စပ်ကြား) နှင့် ဆေးထိုးပြီးကာလဟူ၍ သုံးပိုင်းထားပြီး ဆွေးနွေးပါမည်။

စာမျက်နှာ ၂၅ သို့ ❍

# ဒလမြို့တွင်းရှိ လမ်းမကြီးကို လေးလမ်းသွားအဖြစ် တိုးချဲ့ခြင်းနှင့် ကွန်ကရစ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ဒလ-တွံတေးကားလမ်းမကြီးကို လေးလမ်းသွားလမ်းမကြီးအဖြစ် ကွန်ကရစ်လမ်း တိုးချဲ့ခင်းခြင်းလုပ်ငန်းနှင့် ဝဲ/ ယာ တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ကွန်ကရစ်အုတ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးလျက်ရှိကြောင်း သိရသည်။

"နာရီစင်ကနေ ဒလ-တွံတေးကားလမ်းက လမ်းနယ် ပေ ၁၅၀ အကျယ်၊ နာရီစင်ကနေ သင်္ဘောဆိပ်အထိ လမ်းနယ် ပေ ၁၀၀ အကျယ်ရှိပါတယ်၊ ဒလ-ခနောင်တိုကားလမ်းက လမ်းနယ် ပေ ၁၅၀ အကျယ်ရှိပါတယ်၊ ဒလတံတားကြီးမှ ဆင်းလာရင် နာရီစင်က လမ်းဆုံဖြစ်တဲ့အတွက် လမ်းဧရိယာ အကျယ်အဝန်းရှိဖို့ လိုအပ်ပါတယ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ နာရီစင်မှ မော်စက်ရပ်ကွက် ဗန္ဓုလလမ်းထိပ်အထိ အလျား ပေ ၁၅၀၀၊ နာရီစင်မှ စက်မြေရပ်ကွက် ဆရာစံလမ်းထိပ်အထိ အလျား ပေ ၁၀၀၀ ကို ပထမအကြိမ်အနေနဲ့ ဆောင်ရွက်ခဲ့တယ်၊ မူလရှိပြီးသား ယာဉ်သွားလမ်း ပေ ၃၀ အကျယ် ရဲ့ ဝဲ/ယာ တစ်ဖက်စီကို ၁၂ ပေစီ တိုးချဲ့ပြီး စုစုပေါင်း ယာဉ်သွားလမ်း လေးလမ်းသွားအဖြစ် အကျယ် ၅၄ ပေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဒလ-တွံတေး ကားလမ်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ လမ်းတံတားအင်ဂျင်နီယာဌာန ဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပြောသည်။

ဒလမြို့နယ်အတွင်းရှိ ဒလ-တွံတေးကားလမ်းမကြီး တစ်လျှောက် ယာဉ်သွားလမ်း လေးလမ်းသွား အကျယ် ၅၄ ပေ၊ အရှည် ပေ ၇၅၀၀ ကို ကွန်ကရစ်လမ်း အပြည့်ခင်းခြင်းလုပ်ငန်းများ ပြီးစီးလျက်ရှိပြီး မြို့တွင်းလမ်းမကြီး တစ်လျှောက် ပထမအဆင့်အနေဖြင့် ကွန်ကရစ်အုတ်ရေမြောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအနေဖြင့် အရှည် ပေ ၂၅၀၀ စီဖြင့် စုစုပေါင်း ပေ ၅၀၀၀ ဆောင်ရွက်ပြီးစီးကြောင်း၊ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ)မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည့်အချိန်နှင့် ဒလမြို့နယ်အတွင်းရှိ လမ်းပိုင်းများကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



---

**✻ ကျောဖုံးမှ**

ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာသည့် ရခိုင်တိုင်းရင်းသူ မဝင်းသန္တာလှိုင်က "အခုဆိုရင် ကျွန်မတို့ ရခိုင်ပြည်နယ်မှာ ကိုဗစ်ရောဂါကို အတတ်နိုင်ဆုံးထိန်းချုပ်နိုင်ပြီဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ အပန်းဖြေနေရာတွေကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဖွင့်လှစ်ထားတာတွေကိုလည်း တွေ့ရှိရပါတယ်။ ကျွန်မတို့ သူငယ်ချင်းတွေနဲ့ အတူ စစ်တွေမြို့ရဲ့ သာယာလှပတဲ့ ဗျူးပွိုင့်ကို လာရောက်အပန်းဖြေတာဖြစ်ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်ကြီးရဲ့ အေးချမ်းသာယာလှပတဲ့ အခြေအနေတွေကို တွေ့မြင်ရတဲ့အတွက် အရမ်းကို အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု ပြောသည်။

ထို့အပြင် ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများ တွေ့ဆုံကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုရရှိကာ ပျော်ရွှင်စွာ သွားလာနေကြသည်ကိုလည်း တွေ့ရှိရသည်။ တိုင်းရင်းသားမျိုးနွယ်စုများ တစုတစည်းတည်းတွေ့ရှိရပြီး ခင်မင်မှုရရှိကာ ပျော်ရွှင်မှုရရှိကြောင်းကိုလည်း ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်ဖို့ ရောက်ရှိလာသည့် မောင်တောမြို့နယ်မှ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် သက်တိုင်းရင်းသား မောင်နေအောင်ထွန်းက "စစ်တွေမြို့ရဲ့ ဗျူးပွိုင့်ကို လာရောက်လေ့လာခွင့်ရရှိတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော်တို့ တစ်ယောက်တည်းနေတာထက် အများနဲ့နေတာနဲ့မတူဘူးပေါ့၊ မတွေ့ရတဲ့သူနဲ့ တွေ့ရတယ်ဆိုတော့ စိတ်တွေက တအားလှုပ်ရှားတယ်၊ ပျော်လည်းပျော်မိတယ်ပေါ့။ နောက်ပြီးတော့ ကိုယ့်ကိုဒီမှာလာစေချင်တဲ့ အစ်ကိုတွေ အစ်မတွေ၊ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးလည်းတင်ပါတယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာတော့ အရင်တုန်းကဆိုရင် ပဋိပက္ခတွေနဲ့ မငြိမ်းချမ်းဘူးပေါ့၊ ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးကိုပဲ လိုချင်ပါတယ်၊ အခုဆိုရင် ရခိုင်ပြည်နယ်က အေးချမ်းနေပြီ၊ ကောင်းတာပေါ့၊ နောက်ပြီးတော့ ပညာရေးဘက်ကကြည့်ရင်လည်း အားနည်းချက်တွေ တွေ့တာပေါ့၊ အခုလိုအေးချမ်းပြီဆိုရင်တော့ ပညာရေးက ပိုပြီးတော့အားကောင်းလာမယ်၊ ကျွန်တော်တို့ကတော့ ပညာရေးကို ပိုပြီးတော့ ကြိုးစားလုပ်ဆောင်သွားမယ်" ဟု ပြောသည်။

ပြည်ထောင်စုနေ့အခမ်းအနားသို့ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် ရခိုင်၊ သက်၊ ဒိုင်းနက်၊ ခမီ၊ မြိုနှင့် မာရမာကြီးတိုင်းရင်းသားတို့နှင့်အတူ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသည့် ချင်းတိုင်းရင်းသားတို့သည်လည်း ရောက်ရှိလာကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

**✻ အနာဂတ်၏လေ့လာစရာမှ**

မိုးတွင်းမှာသာ စိုက်ပျိုးနိုင်ကြပြီး ဆောင်းတွင်းနှင့် နွေရာသီများတွင် ရွာက ကုန်းမြင့်ဖြစ်၍ ဆည်ရေမတက်သည့်အတွက် မစိုက်ပျိုးနိုင်ဘဲ မိရိုးဖလာ ရက်ကန်းလုပ်ငန်းများကိုသာ လုပ်ကိုင်ရကြောင်း သိရသည်။

ရွာ၏အရှေ့ဘက်တွင်ရှိသော ကန်ကြီး၏လှပမှု၊ ရွာ၏တင့်တယ်မှု၊ ရွာဦးထိပ်တွင်ရှိသော ဘုရား၊ တန်ဆောင်း၊ ကန်၊ ကျောင်းများမှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့်အပြင် ရွာမှကလေးငယ်လေးများ၏ ဆံရစ်ဝိုင်းပုံလေးများဖြင့် ရိုးရာယဉ်ကျေးမှုအသွင်သဏ္ဌာန် မပျက်စေဘဲ ခရီးသွားပြည်သူများအား ဆွဲဆောင်မှုအမှန် မလွဲဧကန်ပေးနိုင်တော့မည်ဖြစ်ပါတော့သည်။

**ဇေယျာထက်(မင်းဘူး)**

---

# ဝန်းသိုမြို့နယ်၌ မြိုင်ဇေယျာကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ၆၀ ရာခိုင်နှုန်းကျော်ပြီးစီး

**ဝန်းသို ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မြိုင်ဇေယျာကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းအရှည်ပေ (၀/၅) မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်တွင် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်ရှိ အရှည် ၁၀ ပေရှိ ကွန်ကရစ်တံတား တစ်စင်း၊ အရှည် ငါးပေရှိ Box Culvert နှစ်စင်း၊ အချင်း နှစ်ပေခွဲရှိ ရေပြွန်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို တင်ဒါအောင်မြင်ငွေကျပ်စုစုပေါင်း ၃၄ ဒသမ ၃၀၉ သန်းဖြင့် ယမုံကောင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအခါတွင် မြေသား နှစ်ပေထု ခင်းကြိတ်ခြင်းဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကိုးလက်မထု ဂျင်မြေခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သူများနှင့် ဈေးကွက်ကို ချိတ်ဆက်ပေးရာတွင် ပထမခြေလှမ်းအဖြစ် ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဝန်းသိုမြို့နယ်၌ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ကနဖော့ကျေးရွာနှင့် မြိုင်ဇေယျာကျေးရွာတို့တွင်လည်းကောင်း၊ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် အောင်းပင်ကျေးရွာတွင်လည်းကောင်း ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး မြိုင်ဇေယျာကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက အိမ်ခြေ ၇၇ အိမ်၊ လူဦးရေ ၃၉၉ ဦးတို့အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

**❍ စာမျက်နှာ ၂၄ မှ**

ပထမဦးစွာ ဆေးမထိုးမီကာလ ဖြစ်ပါသည်။ ကာကွယ်ဆေးမထိုးမီ အနည်းဆုံး ရက်သတ္တနှစ်ပတ်မှ လေးပတ်အထိ ရောဂါပိုးကူးစက်မှု မခံရလေအောင် အထူးဆင်ခြင်နေထိုင်သင့်ကြပေသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေးထုတ်ကုမ္ပဏီအချို့က ဆေးမထိုးမီ သုံးပတ်မှလေးပတ် ကြိုတင်၍ သက်ဆိုင်ရာပိုး ကူးစက်မခံရအောင် ဆင်ခြင်ရှောင်ရှား နေထိုင်ကြရန် ညွှန်ကြားပါသည်။ အကြောင်းမှာ ဆေးမထိုးမီ ရောဂါပိုးကူးစက်ခံရပြီး လက္ခဏာတစ်စုံတစ်ရာလည်း မပြသေးချိန်ကာလတွင် ကာကွယ်ဆေးထိုးကာ ပိုးများ ခန္ဓာကိုယ်တွင်းသို့ ထပ်မံသွင်းလိုက်ခြင်းကြောင့် သာမန်ကူးစက်ဖြစ်စဉ်ထက်ပင် ဆိုးရွားစွာ အန္တရာယ်ပေးနိုင်ပါသည်။ ရောဂါပိုးကူးစက်ခံရပြီးနောက် သာမန်အားဖြင့် လက္ခဏာပြခြင်း၊ စမ်းသပ်စစ်ဆေးရာတွင် အဖြေပေါ်ခြင်းတို့ ဖြစ်လာစေရန် တစ်ရက်မှ ၁၄ ရက်ကြာသည်ဆိုသော်လည်း အချို့က သုံးပတ် သို့မဟုတ် လေးပတ်အထိပင် ကြာမြင့်နိုင်သည်ဟုဆိုပါသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးနှင့် ကာကွယ်ဆေးများသည် လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် အသစ်အဆန်းဖြစ်ခြင်းကြောင့် စောင့်ကြည့်လေ့လာဆဲကာလ အတိအကျ မသိကြရသေးသော အချက်များစွာရှိပါသည်။

ဒုတိယအနေဖြင့် လက်ရှိကာကွယ်ဆေးများကို နှစ်ကြိမ်ထိုးကြရပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် စပ်ကြားကာလသည် ဆေးအာနိသင်ကို ဆေးအမျိုးအစားပေါ်မူတည်၍ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းခန့်သာ ရနိုင်ခြင်းကြောင့် ကူးစက်မခံရစေရန် ဆင်ခြင်သင့်ပါသည်။ တတိယအနေဖြင့် ကာကွယ်ဆေးထိုးပြီးစ ကာလဖြစ်ပါသည်။ ကာကွယ်ဆေးကို ခန္ဓာကိုယ်က လက်ခံရရှိပြီးသည်နှင့် ၎င်းဆေးတွင် ပါဝင်ပစ္စည်းများက ယင်းတို့၏ လုပ်ငန်းဆောင်တာများကို စတင်ဆောင်ရွက်ကြပေမည်။ သို့သော် ၎င်းတို့၏ လုပ်ငန်းဖြစ်စဉ်များသည် ခန္ဓာကိုယ်တွင်း ဆေး၏အမြင့်ဆုံး အာနိသင်အထိ ရောက်သည့်တိုင် ဆောက်ရွက်ရန်မှာမူ လူတစ်ဦးချင်း၏ ကျန်းမာရေးနှင့် ကိုယ်ခံအားပေါ်မူတည်၍ အနည်းဆုံး ၁၀ ရက်မှ သုံးပတ်ခန့်အထိ ကြာတတ်ပါသည်။ ဥပမာ- တုပ်ကွေးရောဂါပိုး ကာကွယ်ဆေးထိုးပြီးလျှင် ဤဖြစ်စဉ်ပြီးမြောက်ရန် ၁၀ရက်မှ နှစ်ပတ်အထိကြာသည်ဟု ဆိုပါသည်။ ၎င်းကာလအား ဖြစ်စဉ်ကို ပြီးမြောက်ပြည့်စုံအောင် ပျိုးထောင်နေဆဲကာလ (incubation period) ဟု ဆိုရပေမည်။ ဤကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကိုမူ ဆေးကုမ္ပဏီအချို့က ရက်သတ္တလေးပတ်အထိ ကြာမြင့်နိုင်သည်ဟု ညွှန်ထားပါသည်။

နောက်အချက်တစ်ခုမှာ မည်သည့် ဆေးကုမ္ပဏီကမျှ ၎င်းတို့ထုပ်လုပ်သော ကာကွယ်ဆေးသည် ရောဂါပိုးကူးစက်ခံရခြင်းမှ ရာနှုန်းပြည့်ကာကွယ်ပေးနိုင်သည်ဟု အာမခံခြင်းမရှိပါ။ ဤကိုရိုနာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေးများသည် ဆေးကုမ္ပဏီပေါ် မူတည်၍ ကာကွယ်နိုင်စွမ်း ၉၀ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း ညွှန်းဆိုထားကြပါသည်။ ထို့ကြောင့် မိမိတို့အိမ်၏ပြင်ပသို့ ထွက်လျှင် မိမိကိုယ်ကို ကာကွယ်ထားကြမည်ဆိုပါက ပို၍စိတ်ချရပေမည်။ နှာခေါင်းစည်းများ တပ်ခြင်း၊ လက်များကို တတ်နိုင်သမျှ သန့်ရှင်းအောင် ဂရုစိုက်ခြင်း၊ အတတ်နိုင်ဆုံး အခြားသူများနှင့် အနီးကပ်ထိတွေ့နေထိုင်မှု မပြုခြင်းဖြင့် ဆင်ခြင်သင့်ပေသည်။

အချုပ်ဆိုသော် ကာကွယ်ဆေးမထိုးမီနှင့် ပြီးပြည့်စုံအောင် ထိုးပြီးစကာလများတွင် အနည်းဆုံး သုံးပတ်မှ လေးပတ်စီကာလများအတွင်း ရောဂါပိုးကူးစက်ခြင်း မခံရစေရန် ဆင်ခြင်နေထိုင်သင့်ပေသည်။

**ကာကွယ်ဆေးကို အဘယ်ကြောင့် ထိုးသင့်ပါသနည်း**

ကာကွယ်ဆေးကို ထိုး၍ရသူတိုင်း ထိုးသင့်ကြပါသည်။ ထိုသူတို့တိုင်းလည်း ကာကွယ်ဆေးထိုးကြရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်ဆေးသည် ရောဂါဘယဘေးဥပဒ်အန္တရာယ် ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန် အရိုးဆုံး၊ စိတ်အချရဆုံးနှင့် လိမ္မာပါးနပ်ဆုံးနည်းဖြင့် အထိရောက်နိုင်ဆုံး ကာကွယ်သည့်နည်းပင် ဖြစ်သည်။ မေးခိုင်ရောဂါကာကွယ်ဆေး၊ ရာသီပေါ် တုပ်ကွေးရောဂါ (influenza or flu)၊ ဝက်သက် (measles)၊ ဆုံဆို့နာ (diphtheria)၊ ကြက်ညှာချောင်းဆိုး (whooping cough) စသည့် ကူးစက်လွယ်ရောဂါများအတွက် ကာကွယ်ဆေးအမျိုးပေါင်း နှစ်ဆယ်ခန့်ကို ကမ္ဘာပေါ်တွင် ထိထိရောက်ရောက် အသုံးပြုလာခဲ့ကြသည်။ ဤနည်းဖြင့် ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း လူဦးရေ နှစ်သန်းမှ သုံးသန်းခန့်ထိကို အသက်ဆုံးရှုံးရခြင်းမှ ကာကွယ်ပေးလာနိုင်ခဲ့သည်။ ဤသို့ ကာကွယ်ဆေးများဖြင့် တိုက်ဖျက်ခဲ့ကြခြင်းကြောင့်လည်း ကူးစက်တတ်သောရောဂါများ ဖြစ်ကြသည့် ကျောက်ရောဂါ၊ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ စသည်တို့သည် ကမ္ဘာတွင် မျိုးတုံးခဲ့လေသည်။

တစ်ဦးချင်း ကာကွယ်ခြင်းသည် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတစ်ခုလုံးကို ကာကွယ်ရာရောက်ပါသည်။ အင်္ဂလိပ်စကားပုံတစ်ခု ရှိပါသည် "No one is safe until everyone is" သာမန်အားဖြင့် ကာကွယ်ဆေးသုံးစွဲနိုင်ကြသူ အသီးသီးသည် ကာကွယ်ဆေးထိုးကြမည်ဆိုပါလျှင် ထိုသူတို့ထံမှ ရောဂါပိုးများ မပြန့်ပွားတော့ဘဲ "ကာကွယ်ဆေးမထိုးသင့်သူများ"အုပ်စုတွင် ပါဝင်ကြသည့် နာမကျန်းဖြစ်နေသူများအတွက်လည်း ဤပိုးများကို မိမိတို့ထံမှတစ်ဆင့် ကူးစက်ခံရခြင်းအန္တရာယ်မှ ကာကွယ်ပေးရာ ရောက်ပါသည်။

**ကာကွယ်ဆေး မထိုးသင့်သူများ**

ယေဘုယျအားဖြင့် ကာကွယ်ဆေးများကို လူတိုင်းလိုလို သုံးစွဲနိုင်ကြသည်ဖြစ်သော်လည်း ကျန်းမာရေးအခြေအနေအရ အချို့သူများ မသုံးသင့်ကြပေ။ သို့မဟုတ် အခြေအနေနှင့်အချိန်အခါကို စောင့်ဆိုင်း၍သာ သုံးသင့်သည်ဟု အကြံပြုထားပါသည်။ ယင်းတို့မှာ-

(၁) နာတာရှည်ရောဂါဝေဒနာရှင်များ၊

(၂) ဓာတုကုထုံးများ (chemotherapy) ခံယူနေကြသည့် ဝေဒနာရှင်များ (ကုထုံးများ၏ ဘေးထွက်ဆိုးကျိုးများမှ တစ်ခုဖြစ်သော ခန္ဓာကိုယ်၏ ကိုယ်ခံအားကို ထိခိုက်စေခြင်းကြောင့်ဖြစ်သည်)၊

(၃) ကာကွယ်ဆေးတွင်ပါသော ပစ္စည်းများနှင့် ဆိုးရွားစွာ အသက်အန္တရာယ် စိုးရိမ်ရလောက်သည်အထိ ခန္ဓာကိုယ်နှင့် သဟဇာတမဖြစ် မတည့် ခန္ဓာကိုယ်က လက်မခံဘဲ ဆိုးရွားသော တုံ့ပြန်မှုများကို ပြန်လည်ပေးသည့်သူများ (severe allergies) (ရှားပါးသောဖြစ်ရပ်)၊

(၄) အသည်းအသန် မကျန်းမာနေသူများနှင့်

(၅) လူနာတွင် အဖျားကိုယ်အပူချိန် (fever) တက်နေချိန် စသည့် အခြေအနေများတွင် ကာကွယ်ဆေး မထိုးသင့်ဟု သိရပါသည်။

ဤကမ္ဘာတွင် မှီတင်းနေထိုင်ကြကုန်သော လူသတ္တဝါအပေါင်းတို့သည် ကပ်သုံးပါးဘေးအန္တရာယ်မှ ကင်းဝေးကြပါစေ။ ။

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

### ဦးလင်း(လင်းစတူဒီယို)

အသက် (၉၀)နှစ်

ဗိုလ်ချုပ်လှဝင်း(ငြိမ်း) – ဒေါ်သန်းသန်းလင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)တို့၏ ဖခင် ဦးလင်း(လင်းစတူဒီယို) သည် ၁၂–၂–၂၀၂၂ ရက်(သောကြာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်
အရာထမ်း၊ အမှုထမ်းမိသားစုများ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန







## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

# ဦးလင်း(လင်းစတူဒီယို)

## အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်းနေ၊ (ဦးကြူ – ဒေါ်လိုင်)၊ (ဦးအိုက်အင်း – ဒေါ်စင်းယုံ)တို့၏သား၊ (ဒေါ်စောဥ)၏ခင်ပွန်း၊ ဗိုလ်ချုပ်လှဝင်း(ငြိမ်း)–ဒေါ်သန်းသန်းလင်း (ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၊ ဒေါက်တာတင်ကြည် – ဒေါက်တာနုနု၊ ဦးဦးမြင့်(တိုနီလင်း–လင်းစတူဒီယို) – ဒေါ်ခင်ဘုန်းကြည် (ဘုတ်ဘုတ်)၊ ဦးအေးတို–ဒေါ်နွယ်နွယ်မြင့်၊ ဦးသန်းမြင့်–ဒေါ်မိမိဖြူ၊ ဦးအောင်စောလင်း–ဒေါ်ခင်နှောင်းဝင်းတို့၏ ဖခင်၊ မြေး(၁၂)ယောက်၊ မြစ်(၄) ယောက်တို့၏အဘိုးသည် (၁၂–၂–၂၀၂၂)ရက် (သောကြာနေ့) မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် (၁၃–၂–၂၀၂၂)ရက် (စနေနေ့) မွန်းလွဲ ၂ နာရီအချိန်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မြင့်မြင့်ရီ

အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၉၆)၊ မလွှကုန်းလမ်းနှင့် မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ကသဲရပ်နေ (ဦးဘစိန်–ဒေါ်အုံးမယ်)တို့၏သမီး၊ ဆရာတော် ဦးသုန္ဒရ (မြလေးစိန်ကျောင်းတိုက်၊ စစ်ကိုင်း)–(ဒေါ်မြင့်မြင့်ကြည်)တို့၏ ညီမ၊ ဦးခင်မောင်မြင့်– Dr. သန်းသန်းနွဲ့၊ ဦးအောင်ကျော်–ဒေါ်မြင့်မြင့်ဝင်း၊ (ဦးယုလွင်–ဒေါ်ခင်မေတင့်)၊ (ဦးခင်မောင်တင့်– ဒေါ်ခင်ဝင်းနွယ်)၊ ဒေါ်ခင်မေမြင့်တို့၏ အစ်မကြီး၊ ဒေါ်မေမျိုးလွင်၊ ဦးဖိုးဇော်လွင်၊ ဦးဖိုးသူလွင်၊ ဦးဖိုးဝင်းလွင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်မြင့်မြင့်ရီ အသက်(၇၉)နှစ်သည် ၁၂–၂–၂၀၂၂ ရက် နံနက် ၁:၄၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၂–၂၀၂၂ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်
ပိဋကတ်သုံးပုံ ဒါယိကာမကြီး

### ဒေါ်ခင်အေးအေးထွန်း

ဦးစီးအရာရှိ(ငြိမ်း)
ရင်းနှီး/ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အသက်(၆၀)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ခြံအမှတ် (၄၀၉)နေ (ဒုတိယဗိုလ်မှူးကြီး နေထွန်း–ငြိမ်း)– ဒေါ်ခင်မမတို့၏သမီး၊ (ဗိုလ်မှူးကျော်ညွှန့်–ဒေါ်နီနီညွှန့်)တို့၏ သမီးချွေးမ၊ ဦးသိန်းဇော်(ပတခ–ငြိမ်း)၏ ဇနီး၊ မမေသိန်းကျော် (USA)– Mr. Christopher Castillo (USA)၊ မမေသီရိကျော်–ကိုဥက္ကာဖြိုး(ခေတ္တ–USA)၊ မောင်ဟန်ထွန်းဗလ (ခေတ္တ–USA)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဖုံဖုံ၊ သုန်သုန်တို့၏ချစ်လှစွာသောဘွားဘွား ဒေါ်ခင်အေးအေးထွန်းသည် ၁၁–၂–၂၀၂၂ ရက် ည ၁၀:၀၅ နာရီတွင် Kan Thar Yar International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၂–၂၀၂၂(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်
ပိဋကတ်သုံးပုံ ဒါယိကာမကြီး

### ဒေါ်ခင်အေးအေးထွန်း

ဦးစီးအရာရှိ(ငြိမ်း)
ရင်းနှီး/ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

အသက် (၆၀)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ခြံအမှတ် (၄၀၉)နေ (ဒုတိယဗိုလ်မှူးကြီးနေထွန်း–ငြိမ်း)– ဒေါ်ခင်မမတို့၏ သမီး၊ (ဗိုလ်မှူးကျော်ညွှန့်–ဒေါ်နီနီညွှန့်)တို့၏ သမီးချွေးမ၊ ဦးသိန်းဇော်(ပတခ–ငြိမ်း)၏ဇနီး၊ ဒေါ်ခင်မော်မော်ထွန်း(Librarian,Manipal–SML Institute)၏ ညီမ၊ ဒေါ်ခင်ဥမ္မာထွန်း(ငြိမ်း၊ အလက–၄၊ မင်္ဂလာဒုံ)၊ ဦးနေအောင်ထွန်း– ဒေါ်သိင်္ဂီမြင့်စိုး၊ ဦးစိုးမိုးသန်း(USA)–ဒေါ်မျိုးမျိုးထွန်း(USA)၊ ဦးမိုးကျော်စွာထွန်း– ဒေါ်တင်ဇာတို့၏အစ်မ ဒေါ်ခင်အေးအေးထွန်းသည် ၁၁–၂–၂၀၂၂ ရက် ည ၁၀:၀၅ နာရီတွင် Kan Thar Yar International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၂–၂၀၂၂ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု




**အနိဋ္ဌ**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**




မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခမ်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။

# (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ စစ်တွေမြို့ အထင်ကရနေရာများအား ကြည့်ရှုလေ့လာ



**စစ်တွေ ဖေဖော်ဝါရီ ၁၂**

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများသည် ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းတွင် စစ်တွေမြို့ အထင်ကရနေရာများသို့ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားနိုင်ပြီ ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဘုရားစေတီပုထိုးများနှင့် အပန်းဖြေနေနိုင်သည့် နေရာများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့် ဖွင့်လှစ်ထားလျက်ရှိကြောင်း သိရသည်။ အဆိုပါ တိုင်းရင်းသားမျိုးနွယ်စုဝင်များနှင့် ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်၊ စကြာ်မုနိဘုရားနှင့် စစ်တွေမြို့၏ အထင်ကရနေရာဖြစ်သော ဖျူးပွိုင့်တို့ကို သွားရောက်လေ့လာခဲ့ကြသည်။

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✻**

# အနာဂတ်၏ လေ့လာစရာရွာကြီးတစ်ရွာဖြစ်လာနိုင်သည့် ပွင့်ဖြူမြို့နယ်မှ ရေပုတ်ကြီးရွာ



**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၂**

ရေပုတ်ကြီးရွာသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် တည်ရှိပြီး ပွင့်ဖြူမြို့နှင့် တစ်ဆက်တည်းဖြစ်သော ရှောက်တောကျေးရွာမှ ရှစ်မိုင်ခန့်ကွာဝေးကာ ကားဖြင့်သွားပါက မိနစ် ၂၀ ခန့် မောင်းရကြောင်း သိရသည်။

ရှေးအခါက ရေဇလုတ်ကြီးရွာဟုခေါ်ကြပြီး ရေဇလုတ်ကြီးရွာဟုခေါ်တွင်သည့် အကြောင်းရင်းမှာ ရွာ၏အရှေ့ဘက်တွင်ရှိသည့် ကန်ကြီးသည် ငှက်တစ်ကောင်၏ အစာဇလုတ်ပုံဖြစ်နေခြင်းကြောင့် ရေဇလုတ်ကြီးရွာဟုခေါ်ဆိုရာမှ ကာလရွေ့လျောလာသည့်အခါ ရေပုတ်ကြီးရွာဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ရေပုတ်ကြီးရွာ၏ ထူးခြားချက်မှာ တောခေါင်ခေါင်ရွာမဟုတ်ပါဘဲ ရွာမှကလေးငယ်များသည် ရှေးရိုးစဉ်လာမပျက် ဝတ်စားဆင်ယင်ကာ နေထိုင်ကြခြင်းပင်ဖြစ်သည်။ ယောကျ်ားလေးများရော မိန်းကလေးများပါ ဆံပင်ကို ဆံရစ်ဝိုင်းထားကြသည်မှာ ငါးနှစ်သားအရွယ်မှဖြစ်ပြီး အိမ်ထောင်ကျသည့်အခါတွင် မိန်းကလေးများက ဆံထုံး ဆံတောက်များထားကြပြီး ယောကျ်ားလေးများမှာ ဘိုကေ ဆံပင်ပုံ ပြန်ထားကြကြောင်း သိရသည်။

ရေပုတ်ကြီးရွာသည် အိမ်ခြေပေါင်း ၆၇၃ အိမ်ရှိပြီး အိမ်ထောင်စုပေါင်း ၆၂၂ စုနှင့် လူဦးရေ ၃၄၀၀ ကျော်ရှိကာ ဆံရစ်ဝိုင်းထားသူ ကလေးငယ် ၇၀၀ ကျော်တို့မှာ ရှေးနှစ်ပေါင်း ၂၀၀ ကျော် အဘိုးအဘွားများ လက်ထက်မှ ယနေ့အချိန်အထိ ထိန်းသိမ်းလာခဲ့ကြခြင်းဖြစ်ကြောင်း ရေပုတ်ကြီးရွာ အုပ်ချုပ်ရေးမှူး ဦးလှဝင်းထံမှ သိရသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြသော်လည်း **စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✻**

## ကြေးမုံ ယနေ့ ဖတ်စရာ


လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲတော် ကျင်းပမည်

စာမျက်နှာ » ၄

ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁ ဦး တွေ့ရှိ

စာမျက်နှာ » ၉

နို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ကယ်လ်စီယမ်ပမာဏကို ဖြည့်စွက်ကြပါစို့

စာမျက်နှာ » ၁၀

ကိုရိုနာဗိုင်းရပ်စ်(ခေါ်) ကိုဗစ်-၁၉ ရောဂါပိုး ကာကွယ်ဆေးများ

စာမျက်နှာ » ၂၃